# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၂၀၈)


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်သူမြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ် မေ ၂၀ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များအပါအဝင် ပင့်သံဃာ ၃၁ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ၁၁ ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၂၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၆ ပါး၊ စာအောင်သံဃာ ၉၇ ပါး စုစုပေါင်းသံဃာတော် ၁၂၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၉-၄၃၀၆၇၁၆၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အချိန်အခါမဟုတ် မိုးရွာနိုင် အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဧပြီ ၂၉

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ *စာမျက်နှာ ၅ ကော်လံ ၁ ✻*

*စာမျက်နှာ ၅ ကော်လံ ၁*

၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ






## ကျောက်ဆည်မြို့၌ ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများကုသပေး

ကျောက်ဆည် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ထိုင်းတော်ဝင်လေတပ်မှ Col. Suthawut Naksri ဦးဆောင်သော ဆေးကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ဆူးကုန်းရပ်ကွက်ရှိ မဟာဝိသုတာရာမကျောင်းတိုက်တွင် ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများကုသပေးလျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁ ❍*


**ယနေ့ ဖတ်စရာ**



မန္တလေးငလျင်ကြီးနဲ့ လူသားချင်း စာနာထောက်ထားမှု သံခင်းတမန်ခင်း

ဆောင်းပါး | စာ ၆



၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

ပြည်တွင်းသတင်း | စာ ၁၂

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဧပြီ ၂၉**

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငလျင်ကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင် အဆောက်အဦများအနက် ပြန်လည်ပြုပြင် အသုံးပြုနိုင်သည့် အဆောက်အဦများအား ပြန်လည်ပြုပြင် အသုံးပြုနိုင်ရေးနှင့် အသစ်ပြန်လည်တည်ဆောက်ရမည့် အဆောက်အဦများအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်အောင် တည်ဆောက်နိုင်ရေး တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားနိုင်ရန်အတွက် မိမိတို့ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**အဆင့်သတ်မှတ်ချက်များဆောင်ရွက်**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံတော်ပိုင် ရုံးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများနှင့် အထူးအဆောက်အဦများအား စစ်ဆေးနိုင်ရန် အဆင့်(၁)စစ်ဆေးရေးအဖွဲ့ ၁၈ ဖွဲ့၊ အဆင့်(၂) စစ်ဆေးရေးအဖွဲ့ ၁၁ ဖွဲ့နှင့် အထူးစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့တို့ကို အမည်များနှင့်တကွ ဖွဲ့စည်းခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများနှင့် ပတ်သက်၍ ဤကော်မတီက ဖွဲ့စည်းပေးသည့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးကာ အရောင်ခွဲခြားသတ်မှတ်မှု(အနီရောင်၊ လိမ္မော်ရောင်နှင့် အပြာရောင်) အဆင့်သတ်မှတ်ချက်များ ဆောင်ရွက်လျက်ရှိကြောင်း။

အဆောက်အဦများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ် အင်အားရစ်(ခ်)တာစကေး ၈ ဒသမ ၀ ခံနိုင်ရည်ရှိသည့် အဆောက်အဦများဖြစ်အောင် ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီး ဘေးဒဏ်ခံရသော နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် **"အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ"** များကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

**လိုက်နာဆောင်ရွက်သွားရမည်**

အဆိုပါ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုအတွက် မြေငလျင်ဒဏ်သင့် အဆောက်အဦများ ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးကော်မတီခြောက်ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆောက်အဦပျက်စီးမှုအား အကဲဖြတ်အဓိပ္ပာယ်သတ်မှတ်ချက် (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်)များကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်း/ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ သတ်မှတ်ထားသော အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် " ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အဦ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure-SOP)"များကိုလည်း ဖြန့်ဝေပေးခဲ့ပြီး ပြင်ဆင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ MSME နှင့် စက်မှုဇုန်များရှိအဆောက်အဦများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအပြင် ဖြန့်ဝေပေးထားသည့် SOP များအတိုင်း စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ရုံးဌာန အဆောက်အဦများအား ပြင်ဆင်ရန်အတွက် မူလတည်ဆောက်ခဲ့သော ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ လက်ရှိဆောင်ရွက်နေသည့် ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်းနှင့် အင်ဂျင်နီယာအသင်းသုံးသင်းမှ သတ်မှတ်ထောက်ခံပေးထားသည့် ကုမ္ပဏီများအား တာဝန်ပေးဆောင်ရွက်ခြင်း စသည့် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်ခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အတည်ပြုပေးသည့် မြို့ပြအင်ဂျင်နီယာများပါဝင်သော ပညာရှင်များအား ဖွဲ့စည်းတာဝန်ပေးအပ်၍ ခန့်မှန်းကုန်ကျငွေ (Estimate) များ တွက်ချက်ပြီး သက်ဆိုင်ရာပြုပြင်တည်ဆောက်ရေးအဖွဲ့မှတစ်ဆင့် "အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ" သို့ တင်ပြကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီတွင် ခန့်မှန်းကုန်ကျငွေအား လုပ်ငန်းပမာဏအရ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ပုံမှတ်တမ်းများ စစ်ဆေးခြင်းတို့ဖြင့် တိုက်ဆိုင်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စိစစ်ဆောင်ရွက်သွားနိုင်မည်**

အဆိုပါကော်မတီမှတစ်ဆင့် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"သို့ ဆက်လက်တင်ပြဆောင်ရွက်သွားပြီး "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးနိုင်ရေး စီမံပေးခြင်းဖြင့် ငလျင်ဒဏ်သင့်အဆောက်အဦများ ပြုပြင်ခြင်းလုပ်ငန်းများအား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘဏ္ဍာငွေလေလွင့်မှုမရှိစေရေးအတွက် စိစစ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ရုံး/ဌာနများအလိုက် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပညာရှင်များ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၉**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်မှု၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များစေလွှတ်ပေးမှုများအတွက် အိန္ဒိယနိုင်ငံအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်မည့် နည်းလမ်းများနှင့် ငလျင်ဒဏ်ခံစားရသူများအား ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၉**
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်များဆုံးရှုံးခဲ့ရသည့် မိသားစုများနှင့် အသိုက်အဝန်းများအတွက် တရုတ်နိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ရေးနှင့်စပ်လျဉ်းသည့်ကိစ္စများ၊ မြန်မာနိုင်ငံအစိုးရ၏ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးသွားမည့်ကိစ္စ၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

**နေပြည်တော် ဧပြီ ၃၀**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်ကို (အင်္ဂလိပ်/မြန်မာ)နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် http://www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။







ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူများပါ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ဤအစီရင်ခံစာစာအုပ်၌ ဖော်ပြထားပါသည်။ အဆိုပါဆောင်ရွက်ချက်များတွင် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ၏ ၁၀၃ % ကို စစ်ဆေးပြီးပြတ်ခဲ့သဖြင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် လျာထားသည့် တစ်နိုင်ငံလုံးအမှုပြီးပြတ်နှုန်း စုစုပေါင်း ၁၀၀ % ထက် ကျော်လွန်ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမျိုးသားအဆင့် မဟာဗျူဟာများနှင့် စီမံကိန်းများ၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဘဏ်အပေါင်မှုများကို အမြန်ပြီးပြတ်စေရန်နှင့် အပေါင်ချေးငွေများ ပြန်လည်ရရှိစေရေးအတွက် အထူးကိစ္စရပ်အနေဖြင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ မှုခင်းများ စစ်ဆေးစီရင်ရာတွင် ထိရောက်မှုရှိစေသည့် လုပ်ထုံးလုပ်နည်းအသစ်များ ရေးဆွဲနိုင်ခဲ့ခြင်း၊ မူပိုင်ခွင့်မှုခင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ နည်းပညာအသုံးပြုမှုကဏ္ဍ တိုးမြှင့်မှုအနေဖြင့် နိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် အမှုလိုက်ပါ ဆောင်ရွက်ကြသည့် ရှေ့နေတစ်ဦးချင်းစီ၏ အချက်အလက်များကို လွယ်ကူစွာစီမံခန့်ခွဲနိုင်သည့် ရှေ့နေရှေ့ရပ်စီမံခန့်ခွဲရေးစနစ်ကို ဆောင်ရွက်နိုင်ခဲ့ခြင်းများအပါအဝင် တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဤအစီရင်ခံစာစာအုပ်တွင် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့်အတွက် တရားစီရင်ရေးမဏ္ဍိုင်၏ ရပ်တည်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို အလွယ်တကူဖတ်ရှုသိရှိနိုင်မည်ဖြစ်ပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport.ousc@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥပဒေဘာသာပြန်ကော်မရှင်**
**အမိန့်အမှတ် ၁ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**
**(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)**

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Myanmar Stamp Act ကို ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ပုံ) ဒေါက်တာသီတာဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာန အဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများအပါအဝင် အခြားအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည် -

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉၆၉၆၀၀၆၉၉၉)။

(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊(၀၉၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်ယာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ငွေကြေးဘေးသင့်ဝန်ထမ်းများအတွက် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့်ကယ်ဆယ်ရေးအဖွဲ့က လှူဒါန်းငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် အလိုတော်ပြည့်ဆရာတော်ကြီး၏ လက်ထောက်ဆရာတော် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့အား နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အဦထိခိုက်ပျက်စီးမှု အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုအခြေအနေများ၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ယခုကဲ့သို့ ပစ္စည်းများ လာရောက်လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း တင်ပြလျှောက်ထားပြီး ငလျင်ကြောင့် ဝန်ကြီးဌာန ရုံးအဆောက်အဦ ထိခိုက်မှုများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့က ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အရှင်ကုမာရ ဦးဆောင်သော အလိုတော်ပြည့် ကယ်ဆယ်ရေးအဖွဲ့အား ဝန်ကြီးဌာနမျက်နှာစာ၌ ဝန်ထမ်းများအတွက် ယာယီဘာရှာများ စနစ်တကျ တည်ဆောက်နေမှုကို လိုက်လံပြသခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဌာနေကိုယ်စားလှယ် Mr. Thushara Fernando အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Thushara Fernando အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဘေးသင့်ပြည်သူများ၊ လူနာများအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် ငလျင်ဘေးဒဏ်သင့်သူများဖြစ်သော်လည်း ကျန်းမာရေးဝန်ဆောင်မှုများ ရပ်ဆိုင်းမသွားအောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှု၊ ငလျင်ဘေးဒဏ်ကြောင့် နေပြည်တော်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသများမှ ခြေလက်အင်္ဂါ ဆုံးရှုံးခဲ့ရသည့် လူနာများအတွက် ခြေတုလက်တု ထုတ်လုပ်တပ်ဆင်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာနှင့် စက်ကိရိယာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ငလျင်လှုပ်ပြီး ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုနေမှုနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ WHO ရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးဘေးခံစားခဲ့ရသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် INCHEON Dental Association မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းနှစ်ရာကို လည်းကောင်း၊ Grand Medi Core Co.,Ltd. မှ လာရောက်လှူဒါန်းသည့်ငွေကျပ်သိန်း ငါးဆယ်ကိုလည်းကောင်း၊ ကြေးမုံဆေးရုံ (နေပြည်တော်)မှ လာရောက်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

***❊ ရှေ့ဖုံးမှ***

စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၄-၅-၂၀၂၅ ရက်နေ့အတွက် မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# မန္တလေးငလျင်ကြီးနဲ့ လူသားချင်းစာနာထောက်ထားမှု သံခင်းတမန်ခင်း

KMMS ၊ Maw Zay (MFA)

**နိုင်ငံတစ်နိုင်ငံဟာ မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စတဲ့သဘာဝဘေးအန္တရာယ်တွေ ကျရောက်ကြုံတွေ့ရတဲ့အခါမျိုးမှာ ကမ္ဘာ့နိုင်ငံ၊ အစိုးရနဲ့ အစုအဖွဲ့တွေအကြား ပုံမှန်အချိန်မှာရှိခဲ့တဲ့ နိုင်ငံရေးအရ အဟန့်အတားနဲ့ အေးစက်တင်းမာမှုတွေကို လျစ်လျူရှုဘေးဖယ်ထားပြီး လူသားချင်းစာနာထောက်ထားခြင်းဆိုတဲ့ ရှုထောင့်မှ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်စေနိုင်တဲ့ သံခင်းတမန်ခင်း လုပ်ငန်းစဉ်တွေကို သဘာဝဘေးအန္တရာယ် သံခင်းတမန်ခင်းလို့ သီအိုရီတွေက ညွှန်းဆိုထားရှိကြပါတယ်။**

မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ကာလတွေမှာ ပြည်တွင်း အကြမ်းဖက်သောင်းကျန်းမှု ဖြစ်စဉ်တွေနဲ့ နောက်ဆက်တွဲ နိုင်ငံရေးအရ ရှုပ်ထွေးမှုတွေ ပေါ်ပေါက်ခဲ့တဲ့အတွက် နိုင်ငံတကာမျက်နှာစာမှာ သတင်းတု၊ သတင်းမှားတွေကို အခြေခံကာ နိုင်ငံတကာ သံတမန်ဆက်ဆံရေးမှာ အဖုအထစ်၊ အခက်အခဲတွေဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံကို အထီးကျန်ဖြစ်စေဖို့ ဆောင်ရွက်ခဲ့ကြတာမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

ဒါပေမယ့် အဲဒီလိုအခြေအနေနောက်ခံမျိုးမှာပဲ သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ရင်ဆိုင်ရချိန်မှာတော့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သံခင်းတမန်ခင်းဆိုတဲ့ ခေါင်းစဉ်ဟာ ရံဖန်ရံခါမှာ အကျပ်အတည်းကြားက အခွင့်အလမ်းတစ်ရပ် (challenges into opportunities) အဖြစ်သို့ ပြောင်းလဲစေခဲ့ပါတယ်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၃ ရက်က ရောက်ရှိလာစဉ်။

## လူသားချင်းစာနာထောက်ထားမှု သံခင်းတမန်ခင်း ဆိုရာဝယ်

လူသားချင်း စာနာထောက်ထားမှု သံခင်းတမန်ခင်းဆိုတာ သဘာဝဘေးအန္တရာယ် အမျိုးမျိုးနဲ့ ကြုံတွေ့ရတဲ့အခါမျိုးမှာ ဘေးဒဏ်သင့်ပြည်သူတွေအတွက် အထောက်အပံ့၊ ရန်ပုံငွေနဲ့ ကူညီကယ်ဆယ်မှုတွေရရှိစေဖို့ သံတမန်ရေးဆိုင်ရာ နည်းနာနဲ့ နည်းဗျူဟာတွေ အသုံးပြုခြင်းကို ရည်ညွှန်းပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ရတဲ့အခါမျိုးမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေလို အကျပ်အတည်းကာလအတွင်း ဘေးဒဏ်သင့်သူတွေအတွက် ကူညီပံ့ပိုးမှု အထောက်အပံ့တွေ မြန်မြန်ဆန်ဆန် ရောက်ရှိစေဖို့အတွက် အစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းအေဂျင်စီတွေအကြားမှာ လူသားချင်းစာနာထောက်ထားမှုရှုထောင့်ကနေပြီး သံတမန်ရေးနည်းလမ်းနဲ့ ကြိုးပမ်းအားထုတ်ကြခြင်းပဲ ဖြစ်ပါတယ်။

အဲဒီလိုမျိုး လုပ်ဆောင်ကြတဲ့အခါမှာလည်း လတ်တလောအတွက်သာမဟုတ်ဘဲ နောက်ပိုင်းကာလတွေအတွက်ပါ ရည်ရွယ်ပြီး အလားတူ သဘာဝဘေးအန္တရာယ်မျိုးနဲ့ ရင်ဆိုင်ကြုံတွေ့မယ်ဆိုရင် လူမှုအသိုက်အဝန်းနဲ့ ပြည်သူတွေအနေနဲ့ ပိုပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေး အထောက်အကူပြုပေးနိုင်ဖို့အတွက် ရေရှည်မြော်တွေးတဲ့ ချဉ်းကပ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပါဝင်တာကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပနိုင်ငံတွေက အစိုးရအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအေဂျင်စီတွေနဲ့ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတွေ အပါအဝင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့တွေရဲ့ဝင်ရောက်မှုနဲ့ လုပ်ငန်းလုပ်ကိုင်မှုတွေ အဆင်ပြေချောမွေ့စေဖို့ လိုအပ်တဲ့ ပံ့ပိုးမှုတွေကို အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်မှုတွေ အားကောင်းခဲ့တဲ့အတွက် ယခုဖြစ်ပွားခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ မြန်မာနိုင်ငံကို သံတမန်ရေးဆိုင်ရာ အလှည့်အပြောင်းတစ်ရပ် ဖန်တီးစေခဲ့ပါတယ်။

## မန္တလေးငလျင်ကြီးရဲ့ အဖျက်စွမ်းအား

၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်သွားခဲ့တဲ့ ပြင်းထန်ငလျင်ကြီးကြောင့် လူပေါင်း ၃၇၇၀ အသက်ဆုံးရှုံးခဲ့ရပြီး ၅၁၀၆ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြပါတယ်။ အထူးသဖြင့် စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်၊ မကွေး၊ ပဲခူးနဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသတွေမှာ ရှိကြတဲ့ ဒေသခံပြည်သူ သိန်းပေါင်းများစွာဟာ ပိုင်ဆိုင်မှုတွေ ပျက်စီးဆုံးရှုံးရခြင်း၊ နေထိုင်ရာ အိုးအိမ်နဲ့ မူရင်းဒေသကို စွန့်ခွာရခြင်း၊ အလုပ်အကိုင်နဲ့ ဝင်ငွေရရှိနိုင်မှုအခြေအနေ ပျက်ယွင်းခြင်း စတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရလျက်ရှိပါတယ်။

ဒီလိုကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိတဲ့ သဘာဝဘေးအန္တရာယ်ကြီးဟာ လူမျိုး၊ အသားအရောင်၊ ဘာသာနဲ့ နိုင်ငံရေးယုံကြည်ချက် ဘယ်လိုပဲ ကွဲပြားစေကာမူ အားလုံးအပေါ် ညီတူမျှတူ ထိခိုက်နစ်နာစေခဲ့ပါတယ်။ ငလျင်ကြောင့် ယိုယွင်းပျက်စီးခဲ့တဲ့ တိုက်တာအိုးအိမ်တွေ၊ စာသင်ကျောင်း၊ ရုံးအဆောက်အအုံတွေ၊ ဆေးရုံတွေ၊ လမ်းတံတားတွေနဲ့ ဘာသာရေးအဆောက်အအုံများစွာကနေ အပျက်အစီးတွေကို ဖယ်ရှားရှင်းလင်းရေး၊ ခိုင်ခံ့အောင်ပြန်လည်အားဖြည့်ပြုပြင်ရေး၊ ပြုပြင်မရတော့တာတွေကို ဖြိုချဖျက်ဆီးပြီး ပြန်လည်တည်ဆောက်ရေး စတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေဟာလည်း တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ အစိုးရတစ်ခုတည်းက ဆောင်ရွက်နိုင်မယ့်ပမာဏ မဟုတ်ပါဘူး။

ယခုလို ဘေးအန္တရာယ်မျိုးကြုံတွေ့ပါက ဘယ်နိုင်ငံအစိုးရမဆို အရေးပေါ်ဆောင်ရွက်ဖို့ ခက်ခဲမှု ရှိတတ်ကြတာဖြစ်တာကြောင့် နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနဲ့ အထောက်အပံ့တွေကို အချိန်မီဖိတ်ခေါ်မှုတွေ ပြုရသည်သာ ဖြစ်ပါတယ်။ ဒါက လူသားချင်းစာနာမှုဆိုင်ရာသံခင်းတမန်ခင်းလုပ်ငန်းစဉ်ရဲ့အစပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့ အချိန်နဲ့တစ်ပြေးညီ ဖိတ်ခေါ်မှုကြောင့် ဒေသတွင်း မိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ 'အာဆီယံ' အပါအဝင် ကမ္ဘာ့နိုင်ငံတွေက ချက်ချင်းဆိုသလို လျင်လျင်မြန်မြန်ပဲ လူသားချင်းစာနာမှု အကူအညီတွေ ပေးအပ်ကြခြင်းဖြင့် မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အပေါ် တုံ့ပြန်မှုရှိခဲ့တာကိုလည်း ပကတိဖြစ်စဉ်တွေအရ တွေ့ရှိရပါတယ်။

## မြေငလျင်တုံ့ပြန်မှု သံခင်းတမန်ခင်း

ငလျင်ဖြစ်စဉ်အပြီး အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေကို အဆင့်ဆင့် ဆောင်ရွက်ရတာဖြစ်လို့ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်မှုရှိဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ မြေငလျင်တုံ့ပြန်မှု သံခင်းတမန်ခင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုအချို့ကို လေ့လာကြည့်မယ်ဆိုရင် အချိန်နဲ့တစ်ပြေးညီ လျင်မြန်စွာ ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

မြေငလျင်တုံ့ပြန်မှု ပထမအဆင့်ဖြစ်တဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်မှာ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးသမား ၂၀၉၉ ဦး၊ ကယ်ဆယ်ကူညီရေးလေယာဉ် ၁၄၅ ခေါက်၊ ကားအစီးရေ ၂၃ စီး၊ သင်္ဘော ငါးစင်းနဲ့ ထောက်ပံ့ရေးပစ္စည်း ၁၅၁၄ ဒသမ ၆၆ တန် အချိန်မီရောက်ရှိပြီး ကူညီထောက်ပံ့မှုတွေ ဆောင်ရွက်ခဲ့တာကို နိုင်ငံတော်ရဲ့ ဧပြီလ ၂၀ ရက်နေ့ ထုတ်ပြန်ကြေညာချက်အရ လေ့လာတွေ့ရှိရပါတယ်။

ယခုအခါ မကြာမီ မိုးကျတော့မယ့်ကာလဖြစ်တဲ့အတွက် ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို ဦးစားပေးလုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ငလျင်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ အပျက်အစီးတွေဟာ အနည်းဆုံးတန်ချိန် နှစ်သန်းခွဲရှိပြီး ဒါတွေကို ဖယ်ရှားနိုင်ဖို့အတွက် ကုန်တင်ကားစီးရေ တစ်သိန်းနှစ်သောင်းခွဲစာခန့် အသုံးပြုရမှာ ဖြစ်တယ်လို့ သုံးသပ်ဖော်ပြထားတာကိုလည်း ဖတ်ရှုရပါတယ်။

ဒါကြောင့် ငလျင်ကြီးဖြစ်ပွားပြီးချိန်မှာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့စဉ်က ပြည်တွင်းနဲ့ နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေရဲ့ စုပေါင်းအင်အားနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြတဲ့နည်းတူ အချိန်ကာလတစ်ရပ် ကြာတဲ့အထိ မဖြစ်မနေ ဆောင်ရွက်သွားရမယ့် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကိုလည်း အစိုးရနဲ့ ပြည်တွင်းအသိုက်အဝန်းအားလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုအပြင် ပြည်ပမှ အကူအညီ အထောက်အပံ့နဲ့ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေလည်း ဆက်လက်လိုအပ်နေဦးမှာ ဖြစ်ပါတယ်။

## ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်း

ငလျင်ဒဏ်အများဆုံးခံစားခဲ့ရတဲ့ မန္တလေး၊ စစ်ကိုင်းနဲ့ နေပြည်တော်တစ်ဝိုက်ရှိ နေရာဒေသတွေမှာ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ရုရှား၊ ဂျပန်၊

*စာမျက်နှာ ၇ သို့*



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ မတ် ၃၀ ရက်က ရောက်ရှိလာစဉ်။



ယူအေအီးနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိလာစဉ်။ (၁၀-၄-၂၀၂၅)



AHA Center မှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၂ ရက်က ရောက်ရှိလာစဉ်။



ထိုင်းနိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ကြိုဆိုလက်ခံစဉ်။ (၂၁-၄-၂၀၂၅)

*စာမျက်နှာ ၆ မှ*

စင်ကာပူ၊ အိန္ဒိယ၊ လာအို၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီစတဲ့ နိုင်ငံတွေက ဆေးကုသရေးအဖွဲ့တွေဟာ ဖြန့်ခွဲနေရာယူပြီး အရေးပေါ်ခွဲစိတ်မှုအပါအဝင် ကျန်းမာရေးဝန်ဆောင်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြပါတယ်။

အချို့သောနိုင်ငံတွေဟာ အရေးပေါ်ဆေးအဖွဲ့အဖြစ် သီးသန့်ရောက်ရှိလာကြတာဖြစ်ပြီး အချို့ကတော့ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ရောက်ရှိခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ပြီးဆုံးချိန်မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ပြန်လည်ထွက်ခွာသွားသည်များရှိသလို အချို့ကတော့ နိုင်ငံအတွင်းမှာ ဆက်လက်ကျန်ရှိပြီး ဆေးကုသမှုအတွက် ကွင်းဆင်းဆောင်ရွက်တာ၊ ငလျင်ဒဏ်အပြင်းထန်ဆုံးခံစားခဲ့ရတဲ့ ဒေသသုံးခုရဲ့ မြို့တော်တွေမှာ အခြေစိုက်ပြီး ယာယီဆေးရုံ(field hospital) တွေ ဖွင့်လှစ်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူတွေကို ကာလရှည် စနစ်တကျ ကုသပေးတာမျိုးကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ငလျင်ပြီးတဲ့နောက် ဝမ်းပျက်ဝမ်းလျှောစတဲ့ ကူးစက်ရောဂါ ပြန့်ပွားမှုတွေ ကြုံတွေ့ရတတ်တာကြောင့် တရုတ်နိုင်ငံအစိုးရရဲ့ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနဲ့ ဆေးကုသရေးပညာရှင် ၅၀ ပါဝင်တဲ့အဖွဲ့ဟာ မန္တလေးမြို့မှာ အခြေစိုက်ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**နိုင်ငံတော်ရဲ့စေတနာမှတ်ကျောက်**

တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရက ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရတဲ့ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကို စာနာထောက်ထား နားလည်ရန်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာကွယ်ပေးရန်အတွက် ဧပြီ ၂ ရက်မှ ၂၂ ရက်အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလအဖြစ် သတ်မှတ်ပေးခဲ့ပြီး ယခုအခါ ဧပြီ ၃၀



အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန် သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။

**❝ နိုင်ငံတကာရဲ့ အကူအညီတွေ ရယူခဲ့တဲ့နည်းတူ အရေးပေါ်ကူညီကယ်ဆယ်ရေးအလွန် ပြန်လည်ထူထောင်ရေးအတွက် အမိုးအကာ၊ ယာယီတဲနဲ့ အစားအသောက်မဟုတ်တဲ့ပစ္စည်းတွေ ထောက်ပံ့ရေးကဏ္ဍ၊ ရေနဲ့ပတ်ဝန်းကျင် သန့်ရှင်းရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍနဲ့ ပညာရေးကဏ္ဍ စတဲ့ ကဏ္ဍပေါင်းစုံမှာလည်း နိုင်ငံတကာနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ် ❞**

ရက်နေ့အထိ ထပ်တိုးသတ်မှတ်ပေးခဲ့ခြင်းဟာလည်း မှတ်ကျောက်တစ်ခုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရှာဖွေကယ်ဆယ်ရေးကာလအတွင်း အထက်မှာတင်ပြခဲ့တဲ့အတိုင်း နိုင်ငံတကာရဲ့ အကူအညီတွေ ရယူခဲ့တဲ့နည်းတူ အရေးပေါ်ကူညီကယ်ဆယ်ရေးအလွန် ပြန်လည်ထူထောင်ရေးအတွက် အမိုးအကာ၊ ယာယီတဲနဲ့ အစားအသောက်မဟုတ်တဲ့ပစ္စည်းတွေ ထောက်ပံ့ရေးကဏ္ဍ၊ ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍနဲ့ ပညာရေးကဏ္ဍစတဲ့ ကဏ္ဍပေါင်းစုံမှာလည်း နိုင်ငံတကာနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ငလျင်ဘေးသင့်ဒေသတွေမှာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိ**

**အမိုးအကာအောက်ရောက်ရှိရေးကဏ္ဍ**အနေနဲ့ တာပေါ်လင်စ၊ စောင်၊ ခြင်ထောင်၊ မိသားစုမိုးကာတဲ၊ ဆိုလာမီးနဲ့ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကို ငလျင်ဒဏ်အမှန်တကယ် ထိခိုက်ခံစားရသူတွေထံ မိုးမကျမီ ထောက်ပံ့ပေးသွားဖို့၊ ထိခိုက်လွယ်တဲ့အုပ်စုတွေကို လုံခြုံစိတ်ချရတဲ့ အမိုးအကာတွေ ပြုလုပ်ပေးဖို့၊ ပျက်စီးနေတဲ့ အိမ်တွေကို ပြုပြင်တည်ဆောက်ရေးနဲ့ ပြန်လည်မွမ်းမံရေးအတွက် ဆောက်လုပ်ရေးပစ္စည်းတွေနဲ့ ပြုပြင်ရာမှာ အသုံးပြုတဲ့ပစ္စည်းတွေ ပံ့ပိုးပေးဖို့၊ ဘေးကင်းပြီး ရေရှည်တည်တံ့တဲ့ အိုးအိမ်တွေဖြစ်လာဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးခြင်းနဲ့ ကျွမ်းကျင်တဲ့လုပ်သားတွေ ပံ့ပိုးဆောင်ရွက်ပေးဖို့စတဲ့ လုပ်ငန်းစဉ်တွေကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ**အနေနဲ့ အားလုံး သန့်ရှင်းတဲ့သောက်သုံးရေ ရရှိဖို့၊ အမှိုက်သိမ်းဆည်းခြင်းနဲ့ သန့်ရှင်းရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးဖို့၊ သောက်သုံးရေနဲ့ နေ့စဉ်သုံးရေတွေကို မျှမျှတတခွဲဝေပေးဖို့နဲ့ မိုးရာသီကာလမှာ ဖြစ်ပွားတတ်တဲ့ ရေညစ်ညမ်းမှုနဲ့ မိလ္လာစနစ်တွေ ပြန်လည်ပြင်ဆင်ခြင်းနဲ့ ပြုပြင်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**အစားအစာကဏ္ဍ**အနေနဲ့ အခြေခံအစားအစာတွေကို ငလျင်ဒဏ်ခံစားရသူတိုင်း အညီအမျှရရှိစေဖို့ ကူညီဆောင်ရွက်ပေးရေး၊ ငလျင်ဘေးသင့်ဒေသတွေမှာ စားရေရိက္ခာအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေဖို့ ဆောင်ရွက်ပေးဖို့နဲ့ ကလေးသူငယ်တွေအတွက် အာဟာရအရည်အသွေး ပိုမိုကောင်းမွန်ရရှိတဲ့ အစားအစာတွေ ပံ့ပိုးပေးဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကျန်းမာရေးကဏ္ဍ**အနေနဲ့ ဆေးရုံနဲ့ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံတွေ ကြံ့ခိုင်မှု ရှိ၊ မရှိ ဆန်းစစ်မှု ပြုလုပ်ဖို့၊ ရွှေ့လျားဆေးခန်း၊ ယာယီဆေးရုံကဲ့သို့သော ယာယီကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ နေရာတွေ ပြုလုပ်ပေးဖို့၊ ငလျင်နဲ့ နောက်ဆက်တွဲငလျင်တွေကြောင့် ဖြစ်ပေါ်ခံစားရတဲ့ စိတ်ပူပန်မှု၊ စိတ်ပိုင်းဆိုင်ရာဖိစီးမှုစတဲ့ စိတ်ဒဏ်ရာ ကုသပေးခြင်းတွေနဲ့ ကူးစက်ရောဂါတွေ မပြန့်ပွားစေရေးအတွက် ကြိုတင်ကာကွယ် ပြင်ဆင်ထားဖို့စတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အသက်မွေးဝမ်းကျောင်းကဏ္ဍ**အနေနဲ့ ငလျင်ဘေးကြောင့် အလုပ်အကိုင်ဆုံးရှုံးသွားရသူတွေ ဒါမှမဟုတ် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်း ပျက်စီးသွားရသူတွေကို ငွေကြေးထောက်ပံ့ပေးဖို့၊ ရှင်သန်ရပ်တည်ရေးအတွက် ချေးငွေနဲ့ အမတော်ကြေးတွေ စီစဉ်ပေးဖို့စတာမျိုးနဲ့ စတင်နိုင်ဖို့လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

**ပညာရေးကဏ္ဍ**အနေနဲ့ ငလျင်ဘေးကြောင့် ပျက်စီးသွားတဲ့ စာသင်ကျောင်း ၂၅၁၄ ကျောင်းကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ အခြေအနေဖြစ်လာအောင် ဆောင်ရွက်ပြုပြင်ပေးဖို့၊ အဲဒီလိုတည်ဆောက်ရေးကာလမှာ အွန်လိုင်းစနစ်နဲ့ သင်ယူနိုင်တဲ့ အခြေအနေမျိုး ဖန်တီးပေးဖို့၊ သဘာဝဘေးအန္တရာယ် အသိပညာပေးဖို့နဲ့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းတဲ့ လေ့ကျင့်ခန်းအစီအစဉ်တွေ ဆောင်ရွက်ပေးဖို့ အပါအဝင် သဘာဝဘေးအန္တရာယ်တွေကနေ လုံခြုံစိတ်ချရတဲ့ စာသင်ကျောင်းတွေဖြစ်လာစေဖို့ အစပြုပျိုးထောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“စာသင်ကျောင်းများနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများအား အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်သွားရန် လိုကြောင်း၊ ကလေးငယ်များ ကျောင်းဖွင့်ချိန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ရန်လိုအပ်သည့် စာသင်ကျောင်းများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရာတွင်လည်း အဆောက်အအုံများ ကောင်းမွန်ခိုင်ခံ့မှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း”** လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါတယ်။

**လူသားချင်းစာနာမှုရဲ့ အလှပဆုံးပုံရိပ်**

ဒီလို သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့ရချိန်မှာ နယ်နိမိတ်အတားအဆီး၊ နိုင်ငံရေး အသွေးအရောင်၊ အယူဝါဒမတူမျှမှုတွေကို ဘေးချိတ်ပြီး လူသားအချင်းချင်း ကူညီရိုင်းပင်းကြတာမျိုးဟာ လူ့သမိုင်းတစ်လျှောက် လူသားချင်းစာနာမှုရဲ့ အလှပဆုံးပုံရိပ်တစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ အရေးပေါ် ကူညီကယ်ဆယ်မှု အထောက်အပံ့တွေအတွက် ယာယီပူးပေါင်းဆောင်ရွက်မှုတွေဟာ ဆက်လက်ဆောင်ရွက်သွားဖို့ရှိတဲ့ ပြန်လည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေအတွက် ပိုမိုနီးကပ်တဲ့ ပူးပေါင်းမှုတွေ ပြုလုပ်နိုင်ဖို့ အခြေခံပန္နက်ပဲဖြစ်ပါတယ်။

ဒါမျိုးဟာ နိုင်ငံတကာမှာ အောင်မြင်ခဲ့တဲ့ အစဉ်အလာလည်း ရှိခဲ့ဖူးပါတယ်။ ၁၉၉၉ ခုနှစ်က တူကီယဲနိုင်ငံမှာ ၇ ဒသမ ၆ အဆင့်ရှိ ငလျင်ကြီး လှုပ်ခတ်ခဲ့စဉ် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေခဲ့တဲ့ အိမ်နီးချင်း ဂရိနိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ ချက်ချင်းစေလွှတ်ကူညီပေးခဲ့သလို များမကြာမီရက်သတ္တပတ်အတွင်း ဂရိနိုင်ငံမှာလည်း အလားတူ ငလျင်ဒဏ်ခံစားခဲ့ရတဲ့အခါ တူကီယဲက လျင်လျင်မြန်မြန်ပဲ တုံ့ပြန်ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အရေးကြီးရင် သွေးချင်းနီးခဲ့တဲ့ အဲဒီဖြစ်ရပ်ကြောင့် အိမ်နီးချင်း တူကီယဲနှင့် ဂရိတို့အကြားက နိုင်ငံရေးတင်းမာအေးခဲမှုတွေ အရည်ပျော်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ဖူးပါတယ်။

ဒါကြောင့် **“လူသားချင်း စာနာထောက်ထားမှုသံခင်းတမန်ခင်း”** ကို ဖော်ဆောင်ခြင်းဖြင့် ကမ္ဘာနဲ့ ဆက်သွယ်ဆက်ဆံမှုတွေကို မြှင့်တင်ရင်း၊ အတားအဆီးတွေကို ဖယ်ရှားရင်း၊ ကရုဏာနဲ့ စာနာနားလည်မှုတွေကို ဖန်တီးရင်း၊ ယုံကြည်မှုတွေ တည်ဆောက်ရင်း နိုင်ငံတကာနဲ့ ရေရှည်တည်တံ့တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပေါ်ပေါက်လာနိုင်ဖို့အတွက် ဦးတည်တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေး ကြိုးပမ်း

## ငလျင်ဘေးသင့်အဆောက်အအုံများအား ပြင်းအားရစ်(ခ်)တာစကေး ၈ အဆင့် ဒဏ်ခံနိုင်ရန် ပြန်လည်တည်ဆောက်

**နေပြည်တော် မေ ၂၉**

ငလျင်ဘေးသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတို့မှ အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသည် မဖြစ်မနေလိုအပ်သော ပစ္စည်းများဖြစ်ပြီး ငလျင်ဖြစ်ပွားရာ ဒေသများကို စုံစမ်းကြည့်ရာတွင် လိုအပ်ချက်အရ ဈေးနှုန်းကြီးမြင့် ကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ငလျင်ဘေးသင့်ဒေသများတွင် တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမှန်ကန်စွာဖြင့် လုံလောက်စွာရရှိနိုင်ရေး၊ အချိန်မီရရှိနိုင်ရေးအတွက် ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း၊ တက်ရောက်လာသည့်ဌာနများနှင့် အသင်းများကလည်း ဈေးရောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ငလျင်ဘေးသင့်အဆောက်အအုံများအား ပြင်းအား ရစ်(ခ်)တာစကေး ၈ အဆင့် ဒဏ်ခံနိုင်ရန် ပြန်လည်တည်ဆောက်ရာတွင်အရည်အသွေး မှန်ကန်သည့်ပစ္စည်းများ အသုံးပြုနိုင်ရေးနှင့် ဈေးနှုန်းသက်သာစေရေး၊ အာမခံချက်ရှိသည့် ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ဝယ်ယူအသုံးပြုရေးနှင့် အဆောက်အအုံများ မြန်ဆန်စွာဆောက်လုပ်နိုင်ရေးရည်ရွယ်၍ ဈေးရောင်းပွဲတော်ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ အဆိုပါဈေးရောင်းပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကျင်းပသွားမည်ဖြစ်ရာ သက်ဆိုင်ရာ အသင်းများ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာအသင်းများက ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချရာတွင် အမှန်တကယ်လိုအပ်သူများကို ရောင်းချပေးနိုင်ရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိရေးတို့အတွက် တာဝန်ယူ၊ တာဝန်ခံ၍ ရိုးသားစွာဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ Grouting ဘိလပ်မြေထုတ်လုပ်သည့် Sika Myanmar Limited နှင့် Aung Pyitan Co., Ltd. တို့ကလည်း လက်ရှိဆောင်ရွက်နေမှု၊ ဘိလပ်မြေဝယ်လိုအား မြင့်တက်လာသည့်အတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု၊ ဈေးရောင်းပွဲတော်တွင် ဈေးနှုန်းလျှော့ချရောင်းချပေးမည့် အခြေအနေနှင့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား သက်သာသော ဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော် ဖွင့်လှစ် ရောင်းချပေးနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် အင်းစိန်ခရိုင်ရုံးရှိ စာကြည့်တိုက်နှင့် ရုံးအဆောက်အအုံများ ကြံ့ခိုင်မှုနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် ရုံးအဆောက်အအုံများ ကြံ့ခိုင်မှုနှင့်သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ (ဓါတ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီး ဦးထင်အောင် (အငြိမ်းစား) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက စာကြည့်တိုက်များအတွက် လှူဒါန်းသော သိပ္ပံနည်းပညာနှင့် ဘာသာရပ်ဆိုင်ရာ မြန်မာ၊ အင်္ဂလိပ်စာအုပ်များ၊ သုတရသ စာအုပ်များ အစရှိသည့် စာအုပ်ပေါင်း ၆၃၁ အုပ်ကို လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အဆိုပါရုံး၌ တိုင်းဒေသကြီး ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းရေးရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါ်နုမြဇံ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးမြို့ရှိ ဇန်းမော်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ပြတိုက်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာအောင်မြေမြို့နယ် ဇန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဇန်းမော်ဆရာတော် ဘုရားကြီး၏ သာသနာ့ဝန် ထမ်းဆောင်သာသနာပြုခဲ့မှု မှတ်တမ်းများ၊ သုံးဆောင်ခဲ့သော အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားရာ ပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ငလျင်ဒဏ်ကြောင့် စာသင်ဆောင်များ၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ သင်ထောက်ကူပစ္စည်းများ ထိခိုက်ပျက်စီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒုတိယဝန်ကြီးက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြင်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် အန္တရာယ် ဖြစ်စေနိုင်သော အဆောက်အအုံများကိုပထမဦးစား ပေးပြင်ဆင်ပြီး ကျန်အဆောက်အအုံများကို ဦးစားပေးအလိုက် အချိန်မီ ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မဏ္ဍူသကဆောင်ခန်းမ၌ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားပေးစကား ပြောကြားကာ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ငလျင်ဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာ အချက်အလက်များကို လေ့လာမှတ်သား လိုက်နာ ဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ကြည့်ရှုစစ်ဆေး ဉာဏ်ပညာနှင့်တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြစေလို

**နေပြည်တော် မေ ၂၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၄) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာမည့် ပညာသင်နှစ် ဇွန်လတွင် ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်းရှိ စာသင်ဆောင်များနှင့် ရှေးဟောင်းကျောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်း တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းများ၌ ဖွင့်လှစ်ထားသည့် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း(Dip.EP) အမှတ်စဉ် (၁/၂၀၂၅)တွင် တက်ရောက်သင်ကြား၊ သင်ယူနေကြသောဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့် ဇွန်လတွင် ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ တာဝန်ကျရာ ဒေသအသီးသီးရှိ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများကို အမှန်တကယ် ပညာတတ်မြောက်အောင် စေတနာထား၍ ကြိုးစားသင်ကြားပေးစေလိုကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာ တတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ သင်ကြားရေး၊စီမံရေးဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍မှာကြားပြီး ဘာသာရပ်ဆိုင်ရာဌာနများအလိုက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(ဟဲဟိုး) နှင့် အခြေခံပညာအလယ်တန်းကျောင်း (ဟဲဟိုး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားပြီး တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို IAEAမှ ပညာရှင်များက မှုရင်းမပျက်တိုင်းတာစစ်ဆေးမှု လေ့လာကြည့်ရှု

**နေပြည်တော် မေ ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေး ငလျင်ကြီးဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းအပေါ် မူရင်းမပျက်တိုင်းတာစစ်ဆေးခြင်း အဆင့်မြင့်နည်းပညာများ အသုံးပြု၍ အဆောက်အအုံများ၏ကြံ့ခိုင်မှုကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA) မှ ငလျင်သဘာဝဘေး လေ့လာဆန်းစစ်မှု အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင် လေးဦးနှင့် ပြည်တွင်းပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့က တိုင်းတာစစ်ဆေးနေမှုကို လေ့လာကြည့်ရှုသည်။(ယာပုံ)

အဏုမြူစွမ်းအင် အေဂျင်စီ (IAEA) မှ ပညာရှင်များသည် Mexico (၂၀၁၇)၊ Albinia (၂၀၁၉)၊ Ecuador (၂၀၂၃)၊ Syria (၂၀၂၄) ငလျင်ဘေးများတွင် တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး Non – Destructive Testing (NDT) မူရင်းမပျက်တိုင်းတာစစ်ဆေးမှု နည်းပညာ အသုံးပြု၍ ခေတ်မီတိုင်းတာ ရေးစက်ပစ္စည်းများဖြစ်သည့် Rebar Detector၊ Rebound Hammer၊ Ground Penetrating Radar (GPR)၊ Ultrasonic Pulse Velo–city (UPV)၊ Infared Camera တို့ကို အသုံးပြုစစ်ဆေးကြသည်။

အဆိုပါပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနနှင့် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံတို့ကို မျက်မြင်သွားရောက်စစ်ဆေးခဲ့ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနအဆောက်အဦကို စက်ပစ္စည်းများဖြင့် အသေးစိတ်တိုင်းတာလေ့လာ ဆန်းစစ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ကျောင်းဖွင့်ကာလ ဇွန်လတွင် Naypyitaw State Academy အဆင်သင့်ဖြစ်ရေး အသေးစားထိခိုက်မှုများပြင်ဆင်



**နေပြည်တော် မေ ၂၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် Naypyitaw State Academy သို့ သွားရောက်၍ လာမည့်ဇွန်လကျောင်းဖွင့်ချိန်တွင် အဆင်သင့်ဖြစ်စေရေး ငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်နေသော အသေးစားထိခိုက်မှုများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား ပြန်လည်ပြုပြင်မွမ်းမံရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်အရည်အသွေးများ ပြည့်မီရေးအတွက် နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Naypyitaw State Academy ဝင်းအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် မိသားစုများ ယာယီတည်းခိုရေးစခန်းများ၌ နေထိုင်နေမှုကို လှည့်လည်ကြည့်ရှုပြီး နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီး ရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

ထိုသို့ဆေးဝါးများ ကုသပေးရာတွင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များက ငလျင်ဘေးသင့်ပြည်သူ ၃၃၂ ဦးအား ဆေးကုသနေမှုများကို လှည့်လည်ကြည့်ရှုပြီး ထိုင်းတော်ဝင်လေတပ်အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား မေ ၃၀ ရက်အထိ ဆေးဝါးများ ဆက်လက် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# စာပေထဲက စံနမူနာယူစရာ

စာဖတ်ပရိသတ်တစ်ဦး

**မဟာသင်္ကြန်အပြီးမှာ ရန်ကုန်နွေက ပို၍အပူရှိန်ပြင်းလာသည်။ သို့နှင့် အလုပ်ကိစ္စမှတစ်ပါး အပြင်ကိုမထွက်အားဘဲ အိမ်တွင်းအောင်း၍ စာများများဖတ်ဖြစ်ခဲ့သည်။ လတ်တလောဖတ်ဖြစ်သည့် စာအုပ်များက သီတဂူဆရာတော်ကြီးနှင့် ဘီဘီစီ ဦးနေဝင်းတို့ ဆွေးနွေးခန်းများကို ဆရာတော်ကြီးကိုယ်တိုင် စာမူချောဖြစ်အောင် တည်းဖြတ်ပြင်ဆင်ထုတ်ဝေခဲ့သော "သီတဂူဘဝပုံရိပ် တစိတ်တဒေသ"စာအုပ်၊ ဆရာကြီး ဦးသုခ၏ "ရာမာခရစ်ရှနာ၏ပုံပြင်များ"စာအုပ်နှင့် ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင်၏ "ဓမ္မဒူတ"စာအုပ်များပင်ဖြစ်သည်။**

"သီတဂူ၏ ဘဝပုံရိပ် တစိတ်တဒေသ" စာအုပ်တွင် ဆရာတော်ကြီး ငယ်စဉ်စာသင်သားဘဝမှ သပိတ်အိုင်တောရတွင် တောရဆောက်တည်၍ ရဟန်းတရားကျင့်ကြံအားထုတ်ပုံများ၊ ထိုမှ ပြည်တွင်းပြည်ပ သာသနာပြုပုံများ၊ သီတဂူရေအလှူတော်၊ သီတဂူအာယုဒါနဆေးရုံတော်နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စီမံကိန်းကြီးများ စသည့်ကြီးမားသည့် လုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် လေးနက်သောခံယူချက်များ၊ ရည်ရွယ်ချက်များ၊ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ကြည်ညိုသဒ္ဓါပွားများစွာ လေ့လာဖတ်ရှုခဲ့ရသည်။

တစ်ဖန် ဆရာကြီး ဦးသုခ၏ "ရာမာခရစ်ရှနာ၏ပုံပြင်များ"စာအုပ်တွင်လည်း ဆရာကြီးက ရာမာခရစ်ရှနာ၏ဒဿနိကရှိ၊ သုတ္တန်၊ အာဘော်၊ နီတိစသည်တို့ကို ဗုဒ္ဓမတ္တည၊ဓမ္မဒေသနာအချို့၌ ဟောကြားတော်မူခဲ့ဖူးကြောင်းကို ဆက်သွယ်ယှဉ်တွဲတင်ပြခဲ့ရုံမက ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဩဝါဒဥပဒေသအချို့နှင့် နီးစပ်ရာ အကြောင်းအချက်အလက်များကို နှိုင်းပြတန်ဆာဆင်ရေးသားခဲ့၍ ဗဟုသုတများစွာဖြစ်ရသည်။

**နှောင်းလူတို့ စံနမူနာအတုယူဖွယ်ရာ**

ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်၏ "ဓမ္မဒူတ" စာအုပ်၌မူ ရှေးရှေးမြန်မာလူကြီးမင်းများ၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ စသည့် သူတော်ကောင်းတရားခုနစ်ပါးနှင့် လျော်ညီအောင် ကျင့်ကြံကြိုးကုတ်အားထုတ်မှုများ၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာ အမြော်အမြင်ပြည့်ဝခဲ့မှုများကို နှောင်းလူတို့ စံနမူနာအတုယူဖွယ်ရာ လေ့လာဖတ်ရှုခွင့်ရခဲ့ပါသည်။

ထိုထိုသော ပုဂ္ဂိုလ်ကြီးများအနက် တစ်ခေတ်တစ်ခါက ငွေစာရင်းမင်းကြီး ဆရာကြီး ဦးဘခင်နှင့် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ(ဟောင်း)၊ နိုင်ငံတော်တရားဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာဦးသိမ်းမောင်တို့၏ ကိုယ်ကျင့်သိက္ခာစင်ကြယ်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အဂတိတရားကင်းရှင်းမှုများကား ရှာမှရှားလှပေသည်။ ဆရာကြီးဦးဘခင်သည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မန္တလေးဘူတာကြီး၌ ငွေစာရင်းကိုင်အရာရှိအဖြစ် အမှုထမ်းလျက်ရှိသည်။ မီးရထားဌာနမှရရှိသမျှသော ဝင်ငွေအားလုံးကို ကိုင်တွယ်ထိန်းသိမ်းရသည်။ တစ်နေ့... မန္တလေးဘူတာကြီးကို ဗုံးချခြင်းခံရလေရာ ဆရာကြီးသည် လေကြောင်းရန်ကင်းရှင်းသည်နှင့် တာဝန်ရှိရာ ဘူတာရုံဆီသို့ အသော့နှင်သွားခဲ့သည်။ မန္တလေးဘူတာကား ဗုံးဒဏ်ကြောင့် မရှုမလှပျက်စီးနေလေပြီ။ သို့ရာတွင် ဆရာကြီးရုံးခန်းအတွင်းရှိ ငွေထည့်သော သံသေတ္တာကြီးကား မပျက်မစီး ပကတိအတိုင်းရှိနေသည်။ ဆရာကြီးသည် အသင့်ပါလာသောသော့ဖြင့် မီးခံသေတ္တာကို ဖွင့်လိုက်ရာ သူ့ဘဝတစ်သက်တာတွင် ပိုင်ဆိုင်ရန် အိပ်မက်ပင်မက်ခဲ့မည်မဟုတ်သော ငွေပုံကြီးကား သူ့ရှေ့တွင် ဖွေးဖွေးလှုပ်နေသည်။ ဆရာကြီးသည် ခဏမျှ တွေဝေသွားသည်။ ဗြိတိသျှအာဏာပိုင်တို့က ဂျပန်စစ်ဦးရောက်ကတည်းက ပြေးကြလေပြီ။ ဂျပန်တပ်နှင့် အင်္ဂလိပ်တပ် ကြားလပ်ကာ အစိုးရလည်း မရှိတော့သဖြင့် ထိုငွေများကို ဆရာကြီးယူလိုက်မည်ဆိုလျှင်လည်း မည်သူမျှမသိနိုင်။ ထို့ပြင် ထိုအချိန်က ဆရာကြီး၏ သမီးငယ်မှာ အသည်းအသန် မမာမကျန်းဖြစ်နေ၍ ဆေးဝါးခတ်စာနှင့် အိမ်စရိတ်စကများက သာမန်အခြေအနေထက် ပို၍ကျပ်တည်းနေချိန်ဖြစ်သည်။

သို့ရာတွင် ဆရာကြီးသည် မတရားရယူချင်စိတ်တစ်ချက်မျှပင်မဖြစ်၊ နှောင့်နှေးဖင့်လေးမှုမရှိ၊ ရဲရင့်ပြတ်သားမှုအပြည့်ဖြင့် ခိုင်မာသောဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ "အစိုးရ ဘယ်ကိုရောက်ရောက်၊ ဒီငွေတွေကို ငါ့အထက်အရာရှိ လက်ထဲရောက်အောင် လိုက်အပ်မယ်၊ ဒါငါ့တာဝန်ပဲ၊ ငါ့တာဝန်ကျေစေရမယ်"ဟု ဆုံးဖြတ်ကာ ဂျစ်ကားတစ်စီးငှား၍ မေမြို့(ယခု ပြင်ဦးလွင်)သို့ ငွေထုပ်ပိုက်ကာ လိုက်သွားခဲ့လေသည်။ မေမြို့တွင် ဗြိတိသျှတို့ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရ၍ ဆိုင်ရာအရာရှိကိုရှာဖွေပြီး ငွေအားလုံးကို စာရင်းဇယားနှင့်တကွ အတိအကျ လွှဲပြောင်းအပ်နှံလိုက်လေသည်။ ထိုသို့ တာဝန်ကျေပွန်မှုအတွက် ဆရာကြီး ဦးဘခင် တစ်ခုတည်းသော တောင်းဆိုမှုကား "ကျွန်တော့်အတွက် ဒီလ လစာနဲ့ ဒီကိုလာတဲ့ ခရီးစရိတ်ကလေးများ ရနိုင်ပါသလားခင်ဗျာ"ဟူ၏။

**ပထမဆုံးသော မြန်မာငွေစာရင်းမင်းကြီး**

ထိုသို့သော အရာရာ၌ စောင့်တည်းမှု သီလဂုဏ်တို့ကြောင့်ပင် ဆရာကြီး ဦးဘခင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာ ငွေစာရင်းမင်းကြီး ဖြစ်လာလေသည်။ နိုင်ငံတော်အတွက် အရေးပါသော အခြားရာထူးကြီး သုံးလေးခုကိုလည်း တစ်ချိန်တည်းမှာပင် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ထိုရာထူးကြီးများတွင် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရာထူးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံတော်အတွက် အဓိကဝင်ငွေရရှိသော ဆန်စပါး စသောသီးနှံများကို ပြည်တွင်း ပြည်ပ ရောင်းဝယ်ရေးကိစ္စရပ်များ၌ စီမံခန့်ခွဲရန် အပြည့်အဝအာဏာပိုင်သူဖြစ်သည်။ သို့သော် ဘယ်သို့သော တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆရာကြီးကား အဂတိလိုက်စားမှုမရှိ၊ တည်ကြည်ဖြောင့်မတ်စွာ ဆောင်ရွက်မြဲဖြစ်သည်။ မည်သည့်ကုန်သည်ပွဲစားစက်ပိုင်ကိုမျှ အိမ်တွင် လက်ခံ၍ မတွေ့ဆုံ။ အလုပ်ကိစ္စမှတစ်ပါး ရုံးတွင်လည်း လက်ခံတွေ့ဆုံခြင်းမပြု၊ ခေါင်းဆောင်ကောင်းပီသစွာ ကိုယ်ကျင့်သီလအရာတွင် စံပြအဖြစ် ကျင့်သုံးနေထိုင်ခဲ့သည်။

ထို့ပြင် ဆရာကြီးသည် အစိုးရဌာနကြီးများ၌ ရာထူးကြီး လေးခုကို တစ်ပြိုင်တည်း တာဝန်ယူထမ်းဆောင်ခဲ့သော်လည်း လစာကိုမူ တစ်ဌာနတစ်နေရာတည်းမှသာ ယူခဲ့လေသည်။ ဆရာကြီး အလုပ်မှ အငြိမ်းစားယူသောအခါ အိုစာမင်းစာအတွက် ငွေကလေး နှစ်သောင်းငါးထောင်မျှသာ လက်ထဲမှာရှိလေသည်။ ကိုယ်ပိုင်အိမ်လည်း မရှိသေး၊ အမှုထမ်းကာလတစ်လျှောက်လုံး အစိုးရကပေးသော အိမ်မှာသာနေခဲ့ရ၍ ဆရာကြီး ပင်စင်ယူသောအခါ မိသားစုနေထိုင်ရန် အိမ်ဆောက်ဖို့စီမံရသည်။ စုငွေကလေးဖြင့် အိမ်ဖြစ်အောင်ဆောက်ပေးရန် အတွင်းနေတပည့်ကြီး ဦးဂိုအင်ကာကို စီမံစေသည်။ တကယ်တမ်း အိမ်ဆောက်သောအခါ ဆရာကြီး၏ စုငွေနှင့်မလောက်ချေ။ အိမ်အပြီးသတ်ဖို့ ငွေတစ်သောင်းခန့် လိုလျက်ရှိသည်။

ဆရာကြီး၏ အတွင်းနေ တပည့်ကြီးတစ်ဦးလည်းဖြစ်၊ နောက်ပိုင်းတွင် ကမ္ဘာပတ်၍ ကမ္မဋ္ဌာန်းပြနေသော မီလျံနာသူဌေးကြီးတစ်ဦးလည်းဖြစ်သူ ဆရာကြီး ဦးဂိုအင်ကာက ဤသို့ဆိုပါသည်။ "စင်စစ်ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော်အဖို့ ဘာမျှဝန်မလေးပါ။ အလွယ်တကူပေးလှူနိုင်ပါ၏။ သို့သော် ကျွန်တော်ကန်တော့သည်ကို ဆရာကြီး လက်မခံပါ။""'တပည့်ယောဂီတစ်ယောက်က လှူဒါန်းတာကို ဆရာကြီး ကိုယ်ရေးကိုယ်တာကိစ္စအတွက် အသုံးမပြုပါရစေနဲ့။ ဓမ္မနဲ့စပ်တဲ့ အခြားသင့်တော်မယ့် နေရာတွေကိုသာ လှူပါကွာ'တဲ့။ ဆရာကြီး အခက်အခဲတွေ့သည်ကို ဘယ်လိုနည်းဖြင့်မျှ ကျွန်တော်မကြည့်ရက်ပါ။ ထို့ကြောင့် 'ချေးတာပါ'ဟု တစ်ဖက်လှည့်ပြီးပေး၏။ ချေးတယ်ဆိုတော့ ဆရာကြီး မငြင်းသာချေ။ ကျွန်တော်ကတော့ 'ချေးတယ်ပြောပေမယ့် ပြန်ဆပ်တော့ မယူဘဲနေလည်း ပြီးတာပဲ'ဟု စိတ်ထဲတွင် ကျိတ်ပြီးကြံထားမိ၏။

သို့သော် လကုန်၍ ပင်စင်လစာထုတ်ချိန်ရောက်တိုင်း ပင်စင်ချက်လက်မှတ်ကို တစ်ပြားတစ်ချပ်မကျန် ဆရာကြီးက ကျွန်တော့်ကို ထိုးအပ်တော့၏။ ကျွန်တော်ရင်နာရပါပြီ၊ ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော့်အတွက် မဖြစ်စလောက်ငွေပါ၊ သို့သော် ဖခင်သဖွယ် လေးစားချစ်ခင်ရသော ဆရာအိုကြီးက သူ့မိသားစုအတွက် တစ်ခုတည်းသော ဝင်ငွေဖြစ်သော ပင်စင်လစာလေးကိုထိုးအပ်၍ အကြွေးဆပ်နေလေပြီ၊ ကျွန်တော်အဘယ်မှာ ယူရက်ပါမည်နည်း။ ချစ်ကြောက်ရိုသေရသော ဆရာကြီး၏ စကားကိုလည်း ကျွန်တော်မပယ်ရှားဝံ့ခဲ့ပါ၊ ကျွန်တော် ဘာလုပ်ရမည်နည်း။ ဤသို့ဖြင့် လကုန်ရောက်တိုင်း ဆရာကြီး၏ ပင်စင်ချက်လက်မှတ်ကို ကျွန်တော် လက်ခံရသည်မှာ နောက်ဆုံးငွေပြေသည်အထိပင်" ဟူ၍ အတွင်းနေတပည့်ကြီးဖြစ်သူ ဆရာကြီး ဂိုအင်ကာက အင်္ဂလိပ်ဘာသာဖြင့် သူထုတ်ဝေသော "ဝိပဿနာဂျာနယ်" တွင် "မမေ့စကောင်းသောဖြစ်ရပ်များ"ဟူသော ဆောင်းပါးဖြင့် ဆရာကြီး ဦးဘခင်၏ သီလဂုဏ်ကို ရေးသားပူဇော်ခဲ့ပါသည်။

နိုင်ငံတော်တရားဝန်ကြီးချုပ်(ဟောင်း) ဦးသိမ်းမောင်။ ပြည်မြို့၊ ရွှေဆံတော်ဘုရားစောင်းတန်းအဝင်၌ "ဥရောပနှင့် အမေရိကန်လူမျိုးများမှတစ်ပါး မည်သူမျှ ဖိနပ်မစီးရ"ဟူသောစာတန်းကို "မည်သူမျှ ဖိနပ်မစီးရ" ဟူ၍ ဝတ်လုံပေါက်စကလေး မောင်သိမ်းမောင်ဘဝမှာပင် အမျိုးဘာသာ သာသနာအတွက် ရဲဝံ့စွာပြင်ဆင်ရေးသားခဲ့သူ။ တစ်ဖန် ပဲခူးရွှေမော်ဓောစေတီတော်ကြီး မြေငလျင်ဒဏ်ကြောင့် ပြိုပျက်လေရာ ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက်နှင့် အဖွဲ့က တက်ရောက်ကြည့်ရှုစဉ် စေတီတော်ရင်ပြင်တော်ပေါ်သို့ ဖိနပ်စီးသည်မှ အစပြု၍ ရဟန်းရှင်လူများ မကျေမနပ်ဖြစ်ရာမှ ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဆောင်၍ ကန့်ကွက်ဆန္ဒပြပွဲကြီးတွင် ရဲရင့်ပြတ်သားစွာ ဟောပြောကာ သဘာပတိအဖြစ် ဦးဆောင်ခဲ့သူ။ နိုင်ငံခြားသားလူမျိုးခြားများနှင့် အိမ်ထောင်ပြုပြီး မည်သည့်ရပိုင်ခွင့် အမွေဆက်ဆံခွင့်မျှ မရရှိခဲ့သော မြန်မာအမျိုးသမီးများအတွက် "ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ"ကို နိုင်ငံတော်တရားဝန်ကြီးချုပ်ဘဝတွင် လွှတ်တော်၌အတည်ပြုပေးခဲ့သူ၊ သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးနှင့် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ(ဟောင်း) ဒေါက်တာဦးသိမ်းမောင်၏ ဘဝတစေ့တစောင်းကလည်း အားကျဂုဏ်ယူလေးစားဖွယ်ရာပင်။ ဆဋ္ဌသံဂါယနာပွဲတော်ကာလတွင် ဦးသိမ်းမောင်သည် ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆဋ္ဌသံဂါယနာပွဲကို ဗုဒ္ဓ သာသနာအဖွဲ့ကပင် ဦးစီးကျင်းပခဲ့ခြင်းဖြစ်၍ ကုဋေချီသုံးစွဲခွင့်ရခဲ့သည်။ သို့ရာတွင် ဥက္ကဋ္ဌကြီး ဦးသိမ်းမောင်သည် ခဲတံကလေးတစ်ချောင်းပင် အိမ်သို့အမှုမဲ့ အမှတ်မဲ့မယူဆောင်ခဲ့ချေ။ တစ်နေ့တွင်ကား ဦးသိမ်းမောင်သည် ဗုဒ္ဓသာသနာအဖွဲ့အစည်းအဝေးအပြီး အိမ်အပြန်တွင် ကားတံခါးဖွင့်ရင်း တစ်စုံတစ်ခုကိုသတိရ၍ လူငယ်လေးတစ်ဦးအား လက်ယပ်ခေါ်လိုက်ပြီး "ရော့ ... ရော့... မင်းတို့ပစ္စည်းလေးတစ်ခုပါလာတယ်"ဟုဆိုကာ လက်ထဲမှာကိုင်လာသော ခဲတံကလေးတစ်ချောင်းကို ပေးလိုက်သည်။ ထိုခဲတံကလေးမှာ အစည်းအဝေးတွင် တက်ရောက်သူတိုင်း တေးမှတ်ရန် ရှေ့တွင်ချထားသော စာရွက်နှင့် ခဲတံကလေးပင်ဖြစ်သည်။ ဦးသိမ်းမောင်သည် စကားတပြောပြောနှင့် ထွက်လာရာမှ အမှတ်တမဲ့ လက်တွင်ပါလာခဲ့ခြင်းဖြစ်ရာ သတိပြုမိသောအခါ ခဲတံတစ်ချောင်း အိမ်ပါလာမည်ကို စိုးရိမ်၍ ပြန်ပေးလိုက်ခြင်းဖြစ်သည်။

ထို့အတူ သူ၏ဒရိုင်ဘာနေမကောင်း၍ ရုံးကားနှင့် ဒရိုင်ဘာကို စာဖြင့်တောင်းခံစီးခဲ့ပြီးနောက် သူ့ဒရိုင်ဘာနေကောင်းသဖြင့် ကိုယ့်ကားနှင့်ကိုယ် ရုံးတက်နိုင်သောအခါ ရက်သတ္တပတ်စာအတွက် အသွားအပြန်ခတ်ဆီဖိုးနှင့် ဒရိုင်ဘာယာဉ်မောင်းခများကို ဗုဒ္ဓသာသနာအဖွဲ့ငွေစာရင်းအရာရှိထံ အမှုတွဲတစ်ခုအဖြစ် ပြန်လည်ပေးသွင်းခဲ့လေသည်။

အကျယ်ကို ဖတ်ရှုလိုလျှင် ဓမ္မာစရိယ ဦးဌေးလှိုင်၏ ဓမ္မဒူတ(ပထမအုပ်)တွင် ဖတ်ရှုနိုင်ပါသည်။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က ဆရာကြီး ဦးသိမ်းမောင်ကို "တိုင်းပြုပြည်ပြုသာသနာပြု ၂၀ ရာစု ဓမ္မိကဥပသကာကြီး"ဟု တင်စားဖော်ပြခဲ့ပါသည်။ စာကောင်းပေမွန်စာအုပ်စာပေများထဲတွင် အသိဉာဏ်ပညာများ အသိလိမ္မာများသာမက စံနမူနာအတုယူစရာများကလည်း မကုန်နိုင်ပါပေ။ ။

> **"အရာရာ၌ စောင့်တည်းမှု သီလဂုဏ်တို့ကြောင့်ပင် ဆရာကြီး ဦးဘခင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာငွေစာရင်းမင်းကြီး ဖြစ်လာလေသည်။ နိုင်ငံတော်အတွက် အရေးပါသော အခြားရာထူးကြီး သုံးလေးခုကိုလည်း တစ်ချိန်တည်းမှာပင် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ထိုရာထူးကြီးများတွင် နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌရာထူးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံတော်အတွက် အဓိကဝင်ငွေရရှိသော ဆန်စပါး စသောသီးနှံများကို ပြည်တွင်း ပြည်ပ ရောင်းဝယ်ရေးကိစ္စရပ်များ၌ စီမံခန့်ခွဲရန် အပြည့်အဝ အာဏာပိုင်သူဖြစ်သည်။ သို့သော် ဘယ်သို့သောတာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆရာကြီးကား အဂတိလိုက်စားမှုမရှိ၊ တည်ကြည်ဖြောင့်မတ်စွာ ဆောင်ရွက်မြဲဖြစ်သည်"**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော မဟာစေတီလှစေတီတော်ကြီးအား ပြန်လည်တည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်း၊ တိုင်းထွာခြင်းများနှင့် သိရီမင်္ဂလာခုံးကျော်တံတားကြွခိုင်မှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ သောတပန်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ပါရမီရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ လုပ်ငန်းခွင်အနီးရှိ ပစ္စည်း လက်ခံ/လွှဲပြောင်းရေးအဖွဲ့ယာယီရုံးတွင် အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းရာ၌ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ 26 Leo တည်းခိုခန်းနေရာ၊ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း ၂၆-၂၇ လမ်းကြားရှိ မြစ်ဆုံဟိုတယ်နေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေး၍ ပိုင်ရှင်များနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် မန္တလေးမြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ၂၆ လမ်းမကြီးသည် အများပြည်သူများ နေ့စဉ်အသုံးပြုမှုများသည့် လမ်းမကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့်အတွက် နေ့စဉ်ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး အဆောက်အအုံ အပျက်အစီးများအား အမြန်ဆုံးဖယ်ရှားရှင်းလင်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရတနာဂီရိဂူကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာစန္ဒာမုနိမြတ်စွာဘုရား၊ အမရပူရမြို့နယ်ရှိ လိုရာဆုယူဘုရားသုံးဆူ မြတ်စွာဘုရား၊ ပွဲပါမင်းကျောင်းတိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းဘေးဝဲ/ယာရှိ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းမကြီး ဘေးဝဲ/ယာ မျက်နှာစာအား ဦးစားပေး၍ အန္တရာယ်ရှိအဆောက်အအုံများကို အမြန်ဆုံး ဖယ်ရှားရှင်းလင်းရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပို စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ သာသနာဒီပမဓ္မဂါရဝကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOPစနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၄၇၃၉ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၃၇၇၉ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ အလုံး ၂၆၀ မှ အဆောက်အအုံ ၁၉၁ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၉ လုံးဖြစ်သည်။

ထို့နောက် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်ကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်ကျောင်းတို့သို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး Grade-12 ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် ဆူးကုန်းရပ်ကွက် ဆူးကုန်းကျောင်း၌ ထိုင်းတပ်မတော်ဆေးတပ်ဖွဲ့မှ Dr.narutmon နှင့်အဖွဲ့သား ၃၉ ဦး(Team Thailand 2025 HDRD Mission in Myanmar) အဖွဲ့အား တွေ့ဆုံ၍ ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည်စက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည် လည်ပတ်နေမှုများအား စစ်ဆေးပြီး ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရေး၊ စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် အရည်အသွေးမြှင့်အထပ်သားများကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဆူးကုန်းရပ်ကွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး အဆောက်အအုံ ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ယာယီရုံးရွှေ့ပြောင်းဆောင်ရွက်ရန်အတွက် Modular House သုံးလုံး တည်ဆောက်ပေးမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင် ဆည်မြောင်းလက်ထောက်ညွှန်ကြားရေးမှူးက ဇော်ဂျီရေသောက်စနစ်တွင် ငလျင်ဒဏ်ကြောင့် သာမန်ထိခိုက်မှုငါးနေရာရှိခဲ့သော်လည်း အမြန်ဆုံးပြန်လည်ပြုပြင်ပြီး နွေသီးနှံရေပေးဝေမှုမထိခိုက်စေရန် စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် နွေသီးနှံစိုက်ပျိုးရေးအတွက်

*စာမျက်နှာ ၁၂ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ၂၆ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်း ပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်း စခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်နှင့် ရေကူးဘာသာရပ်တို့တွင် ပါဝင်သည့် သင်ခန်းစာများကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၁၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်း သား သင်တန်းသူ ၁၄၀ နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်း သား သင်တန်းသူ ၆၀ တို့ကို သက်ဆိုင်ရာ နယ်မြေ အသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့် သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်း သား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို



လေကြောင်းလူငယ်အခြေခံသင်တန်းတွင် သင်တန်းသားများအား လက်တွေ့သင်ကြားပို့ချစဉ်။



ရေကြောင်းလူငယ်အခြေခံသင်တန်းမှ သင်တန်းသားများ ရေကူးဘာသာရပ်ကို လက်တွေ့သင်ကြား ပို့ချစဉ်။

စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ် သင်ကြားလျက်ရှိရာ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်း စခန်းမှ သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ သင်တန်းသား ၅၁ ဦးအားလည်းကောင်း၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦးအား လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးအားလည်းကောင်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံ သင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးအား လည်းကောင်း အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်း ပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်း ဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့် ဇာတိသွေးဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုများအား တွေ့မြင်ရပြီး ကျန်သင်တန်းစခန်းအသီးသီးတွင်လည်း ဆက်လက် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)နှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ အထူးညီလာခံ(၂၀၂၅)ပထမ နေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာန ချုပ်၌ စတင်ကျင်းပရာ ဗဟိုကောင်စီဝင် ၅၂ ဦး၊ တိုင်း ဒေသကြီး/ပြည်နယ် စစ်မှု ထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ် ၁၁၀ တို့ တက်ရောက်ကြပြီး ဗဟိုကောင်စီဝင် ၁၈ ဦးနှင့် ညီလာခံကိုယ်စားလှယ် ၁၄၇ ဦး တို့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်မှ Video Conferen- cing စနစ်ဖြင့် တက်ရောက်ကြ သည်။



ဦးစွာ သဘာပတိ မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား) နှင့် သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် နေရာ ယူကြပြီး ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန် သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရမှုများနှင့် ပျက်စီး ဆုံးရှုံးရမှုများအတွက် ဝမ်းနည်း ခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် သဘာပတိ မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုကောင်စီ၏အစီရင်ခံစာ ကို ဗဟိုအမှုဆောင်အဖွဲ့ဝင် တွဲဖက်အတွင်းရေးမှူး(၁) က လည်းကောင်း၊ ဗဟိုအမှုဆောင် အဖွဲ့၏ ဖွဲ့စည်းရေးဆိုင်ရာ စာတမ်းနှင့် ပြောင်းရွှေ့နေထိုင် ရသည့် မြို့နယ်အမှုဆောင်အဖွဲ့ များ တာဝန်ထမ်းဆောင်နိုင်ရေး နှင့် ပြောင်းရွှေ့နေထိုင်ရသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ အရန် အဖွဲ့ဝင်များ စနစ်တကျရှိစေရေး နှင့် သက်သာချောင်ချိရေးဆိုင်ရာ များ ပံ့ပိုးနိုင်ရေးစာတမ်းကို ဗဟိုအမှုဆောင်အဖွဲ့ဝင် အတွင်း ရေးမှူးကလည်းကောင်း ဖတ်ကြား တင်သွင်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ လစ်လပ် ဗဟိုကောင်စီဝင်များ ရွေးကောက် တင်မြှောက်ခြင်း၊ ဗဟိုကောင်စီဝင် အမည်စာရင်းကို ကြေညာခြင်း၊ ကတိသစ္စာပြုခြင်းများ ဆောင် ရွက်ကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် ညီလာခံဒုတိယ ပိုင်းအစီအစဉ်ကို ဆက်လက် ကျင်းပရာ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးကို အတည်ပြုခြင်း၊ ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၏ ရာထူး/တာဝန်များ အတည်ပြု ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ကြ ပြီး အထူးညီလာခံပထမနေ့ အစီအစဉ်များကို ရပ်နားခဲ့ ကြောင်းနှင့် ဗဟိုကောင်စီ နှစ်ပတ်လည် အစည်းအဝေးကို ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

ဆည်ရေအပြည့်အဝပေးဝေနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန်၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်း အိမ်ရာပျက်စီးမှုများအား သက်ဆိုင်ရာဝန်ကြီးဌာန သို့ တင်ပြသွားရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ဇော်ဂျီရေသောက်စနစ်တွင် တူးမြောင်းကြီး ကိုးခု၊ လက်တံမြောင်း ၃၂ ခု၊ လက်တံ ခွဲမြောင်း ၃၀ ဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိကာ ၂၀၂၄ ခုနှစ်၌ နွေစပါး ၂၀၆၂ ကေနှင့် အခြားသီးနှံ ၅၂၂၄ ကေ စုစုပေါင်း ၅၄၂၈၆ ကေ စိုက်ပျိုးရိတ်သိမ်း နိုင်ခဲ့ကာ ၂၀၂၅ ခုနှစ်တွင် နွေစပါး ၅၃၀၁ ကေနှင့် အခြားသီးနှံ ၅၅၃၉၈ ကေ စုစုပေါင်း ၆၀၆၆၉ ကေ တိုးမြှင့်စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်ထက် ၆၃၈၃ ကေ တိုးမြှင့်စိုက်ပျိုးလျက်ရှိသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အထွေထွေ အုပ်ချုပ်မှုရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့် အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ကျောက်ဆည်ခရိုင်အတွက် စုစုပေါင်း Modular House အလုံး ၅၀ အား စေတနာရှင်ပြည်သူ များက လှူဒါန်းခဲ့ပြီးဖြစ်သဖြင့် အမြန်ဆုံး တပ်ဆင် ပေးလျက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်း လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အထက (၁) သို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်း သင်ကြားနိုင်ရန် ပြင်ဆင်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် အထက(ခွဲ) ရန်အောင်မြင်နှင့် ဇမ္ဗူသီရိမြို့နယ် အထက (၁၄) ကျောင်းများသို့ သွားရောက်ပြီး စခန်းသွင်းသင်ကြားနိုင်ရန် ပြင်ဆင်ထားမှုအခြေအနေများ၊ လေ့ကျင့်သင်ကြားပေးနေမှုများအား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကျောင်းများ၌ လိုအပ်သည့် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျောင်းအိပ်၊ ကျောင်းစားနေထိုင်နိုင်ရေးအတွက် စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ နေထိုင်သင်ကြားနိုင်ရေး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂၉**

ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ခေါင်းစဉ်ဖြင့် နိုင်ငံရေးပါတီလေးပါတီမှ ဦးဆောင်၍ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပုစွန်တောင်မြို့နယ် Orchid ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**




စကားဝိုင်း ဆွေးနွေးပွဲတွင် သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးသိန်းထွန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး "ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့" ခေါင်းစဉ်ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးလှသိန်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူအောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်တို့က ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးမှု အကြောင်းအရာများအပေါ် တက်ရောက်လာကြသည့် မီဒီယာများနှင့် စိတ်ပါဝင်စားသူများက မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယနေ့ ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများက နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် နိုင်ငံသားအချင်းချင်း ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိခဲ့သော သာဓကများ၊ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တပ်မတော်၊ ပြည်သူနှင့် တိုင်းရင်းသား လက်နက်ကိုင်များ၏ ခံယူချက်၊ သဘောထားများအရေးကြီးမှု၊ လာမည့်ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပစ်ခတ်တိုက်ခတ်မှုများချုပ်ငြိမ်းပြီး နယ်မြေတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များ၊ တပ်မတော်အင်အားတောင့်တင်းခိုင်မာရန် နိုင်ငံရေးပါတီများနှင့် မီဒီယာများက ပြည်သူအား သတင်းမှန်၊ ဖြစ်ရပ်မှန်များကို အသိပေးရေး၊ မီဒီယာနှင့်နိုင်ငံပါတီများက တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ယုံကြည်ချက်၊ ခံယူချက်ကောင်းမွန်ရန် လိုအပ်မှု၊ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍနှင့် လက်ရှိကာလ ပထဝီနိုင်ငံရေးဆိုင်ရာများပေါ်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သို့လုပ်ဆောင်ရမည် စသည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိသာထင်ရှားသော အောင်မြင်မှုမျိုး မတွေ့ရသည့်အချိန်တွင် နိုင်ငံရေးအသိအမြင်ပြည့်ဝသော နိုင်ငံရေးသမားများ၏ အထောက်အကူသည် အဓိက လိုအပ်ချက်ဖြစ်လာကြောင်း၊ ယခုလိုပွဲမျိုးမှ ပြည်သူတို့ထံ နိုင်ငံရေးဗဟုသုတများ ပေးနိုင်စေရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသည့် ငလျင်ဘေးဒဏ်ကြောင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲမှုကို နိုင်ငံတော်က ထပ်မံတိုးမြှင့်ရပ်စဲထားခဲ့ကြောင်း၊ ထာဝရပစ်ခတ်ရပ်စဲမှုတွင် လက်နက်ကိုင်လမ်းစဉ်သည် ပြည်သူကို အထိနာမှုအများဆုံးဖြစ်ပေါ်စေ၍ ယခုဆွေးနွေးပွဲမှ အသိတစ်ခုရရှိကာ ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားစေလိုကြောင်း၊ ထာဝရပစ်ခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေး စကားရပ်နှင့် လျော်ညီသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုကို ရှေးရှု၍ ပြည်သူလူထု၏ ဘဝများကို စာနာစိတ်၊ ကရုဏာထောက်ထားကာ ရွေးကောက်ပွဲမှ နိုင်ငံရေးကိုအဖြေရှာသော နည်းလမ်းကိုသွားစေလိုကြောင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေး စကားဝိုင်းသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ အပါအဝင် ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီ ၁၂ ခုမှ တာဝန်ရှိသူများ၊ လေ့လာသူများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❒ *ကျော်ဖုံးမှ*

Burmese Youths အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Southern Yangon Star အသင်းက The Honour အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှိုင်ရယ်ရန်ကုန်အသင်းသည် ငါးပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဆက်လက်ဦးဆောင်နေသည်။

ပွဲစဉ် (၅) ဒုတိယနေ့ကို ဧပြီ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြသီတာအသင်းနှင့် အာသာဝတီအသင်း၊ Yangon Focus အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

❖ *ကျော်ဖုံးမှ*

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက YB United အသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအတွက် အခက်အခဲမရှိသည့် နိုင်ပွဲဖြစ်ခဲ့ပြီး MNL-2 ကလပ် YB United အသင်းမှာမူ အဘက်ဘက်မှ မယှဉ်ပြိုင်နိုင်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အဖွင့်ပွဲဖြစ်သောကြောင့် အမာခံကစားသမားအစုံအလင် အသုံးပြုခဲ့ပြီး ပြည်တွင်းကစားသမားများကိုသာ အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ကိုးဂိုးသွင်းယူခဲ့ပြီး ရဲရင့်အောင်က တစ်ဦးတည်း လေးဂိုး၊ ခွန်ကျော်ဇင်ဟိန်းနှင့် ပီတာအောင်ဝေထူးတို့က ဟက်ထရစ်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၄၊ ၄၂၊ ၅၀ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ၁၇၊ ၇၆ မိနစ်တွင် မြတ်ကောင်းခန့်၊ ၂၉ မိနစ်တွင် ဟိန်းဖြိုးဝင်း၊ ၃၆ မိနစ်တွင် စအောင်ပြည့်ကို၊ ၃၈၊ ၄၀၊ ၆၀၊ ၇၉ မိနစ်တွင် ရဲရင့်အောင်၊ ၄၈၊ ၆၅၊ ၈၁ မိနစ်တွင် ပီတာအောင်ဝေထူး၊ ၅၂၊ ၆၃ မိနစ်တွင် ဇွဲထက်မင်းတို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ယခုရာသီမှ MNL-2 သို့ တန်းတက်ခွင့်ရထားသည့် ရန်ကုန်ရှိုင်ရယ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ငါးမိနစ်တွင် ကောင်းမြတ်သူ၊ ၈၆ မိနစ်တွင် တိုးဆက်နိုင်တို့က မဟာယူနိုက်တက်အသင်းအတွက် ဂိုးများသွင်းယူပြီး ၄၂ မိနစ်တွင် မူဘာရက်က ကချင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ၂၆ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၅၁ မိနစ်တွင် အောင်ဝင်းခန့်က တက္ကသိုလ်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

အုပ်စုပွဲစဉ် (၁) ဒုတိယနေ့ကို ဧပြီ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Glory Goal အသင်း၊ တက္ကသိုလ်ကွင်း၌ Chinland အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ YUSC ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

❍ *ကျော်ဖုံးမှ*

ဘာရစ်စ်တိုးလ်အသင်းသည် လိဒ်စ်အသင်း၏ တစ်ဖက်သတ်ဖိအားပေးကစားမှုအောက်တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး တုံ့ပြန် တိုက်စစ်ဆင်မှု အနည်းငယ်သာပြုလုပ်နိုင်ခဲ့သည်။ လိဒ်စ်အသင်းက ဂိုးရရှိရန်နီးစပ်သည့် အခွင့်အရေး (၁၁) ကြိမ်နှင့်အတူ ဘာရစ်စ်တိုးလ်အသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု (၂၂) ကြိမ်ပြုလုပ်ထားနိုင်သည်။

**အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်**

လိဒ်စ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံရှစ် ၄၅ ပွဲကစားပြီး ၂၈ ပွဲနိုင်၊ ၁၃ ပွဲသရေနှင့် လေးပွဲရှုံးကာ ဒုတိယနေရာမှ ဘန်လေအသင်းနှင့် ရမှတ် ၉၇ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သည်။ ပြိုင်ဘက်ဘာရစ်စ်တိုးလ်အသင်းက ၄၅ ပွဲကစားပြီး ၁၇ ပွဲနိုင်၊ ၁၆ ပွဲသရေနှင့် ၁၂ ပွဲရှုံးကာ ရမှတ် ၆၇ မှတ်ဖြင့် အဆင့် (၅) တွင် ရပ်တည်နေသည်။

**အောင်ဇော်**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ဂျပန်နိုင်ငံအပေါ် ကျင့်သုံးမည့် အခွန်စည်းကြပ်မှုများကို ပြန်လည်စဉ်းစားရန် အမေရိကန်အစိုးရကို တိုက်တွန်းမည်

**တိုကျို ဧပြီ ၂၉**

အကောက်ခွန်ဆိုင်ရာ ဒုတိယအကျော့ စေ့စပ်ညှိနှိုင်းမှုများတွင် ဂျပန်နိုင်ငံအပေါ်ကျင့်သုံးမည့် အခွန်စည်းကြပ်မှုများကို ပြန်လည်စဉ်းစားရန် အမေရိကန်အစိုးရကို တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ဦးဆောင်ညှိနှိုင်းရေးမှူးက ကတိပြုပြောကြားလိုက်သည်။

ဂျပန်စီးပွားရေး ပြန်လည်အားကောင်းလာစေရေးဝန်ကြီး အာကာဇဝရိုင်ရိုဆေး (ယာပုံ) သည် မေ ၁ ရက်တွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့တ်ဘတ်စ်ဆန့်တ်နှင့် တွေ့ဆုံရန် အမေရိကန်နိုင်ငံ ဝါရှင်တန်သို့ ထွက်ခွာမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ ဂျပန်နိုင်ငံအပေါ်ချမှတ်ထားသည့် စည်းကြပ်ခွန်အားလုံးကို ဖယ်ရှားပေးရန် ဂျပန်နိုင်ငံက ပြင်းပြင်းထန်ထန် တောင်းဆိုသွားမည်ဖြစ်ကြောင်း အာကာဇဝက အမေရိကန်သို့ မထွက်ခွာမီ သတင်းထောက်များကို ပြောကြားလိုက်သည်။

နှစ်နိုင်ငံလုံး လက်ခံနိုင်မည့်သဘောတူညီချက်တစ်ခုကို ရှာဖွေနေကြောင်း မစ္စတာ အာကာဇဝက ပြောကြားသည်။ အကောက်ခွန်များအစား အခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အစပျိုးမှုများသို့ ဦးတည်မည့် ဆွေးနွေးပွဲများ ပေါ်ပေါက်လာအောင် လုပ်ဆောင်လိုကြောင်း ၎င်းကပြောသည်။

ဂျပန်နိုင်ငံ၏ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများသည် အမေရိကန်နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ကြောင်း ဂျပန်အစိုးရအရာရှိများက အခိုင်အမာ ပြောကြားသည်။ အမေရိကန်၏ ကုန်သွယ်ရေး လိုငွေပြမှုကို လျှော့ချနိုင်အောင် ဂျပန်နိုင်ငံက ကြိုးပမ်းဆောင်ရွက်ခဲ့သည်ဟုလည်း ၎င်းတို့က ပြောသည်။



**အင်န်အိတ်ချ်ကေ**



# ကမ္ဘာ့စစ်ရေးအသုံးစရိတ် ၂ ဒသမ ၇၂ ထရီလီယံဖြင့် ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးရောက်လာ

**ဟယ်ဆင်ကီ ဧပြီ ၂၉**

စစ်အေးကာလနောက်ပိုင်း ကမ္ဘာ့စစ်ရေးအသုံးစရိတ်မှာ ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း နိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအဖွဲ့ (SIPRI) ၏ ဧပြီ ၂၈ ရက်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ သိရသည်။

ထို့ပြင် ကမ္ဘာ့စစ်ရေးအသုံးစရိတ်မှာ ၂၀၂၄ ခုနှစ်တွင် ၂ ဒသမ ၇၂ ထရီလီယံရှိခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းမှာ စစ်အေးကာလနောက်ပိုင်း နှစ်အလိုက် အမြင့်ဆုံးနှုန်းဖြင့် တိုးလာခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတွင် လျင်မြန်စွာတိုးလာကြောင်း သိရသည်။

ဥရောပစစ်ရေးအသုံးစရိတ်မှာ ၁၇ ရာခိုင်နှုန်းအထိ မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၆၉၃ ဘီလီယံအထိ ရှိလာကြောင်းသိရသည်။ ကမ္ဘာတစ်ဝန်းစစ်ရေးအသုံးစရိတ် မြင့်တက်လာရခြင်းမှာ ဥရောပ၏ စစ်ရေးအသုံးစရိတ်က အဓိက အခန်းကဏ္ဍမှ ပါဝင်သည်ဟု ဆိုသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းစစ်ရေးအသုံးစရိတ်မှာ ၁၅ ရာခိုင်နှုန်းမြင့်တက်ပြီး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၄၃ ဘီလီယံရှိလာကြောင်း၊ အစ္စရေးနိုင်ငံ၏ စစ်ရေးအသုံးစရိတ်မှာ ၆၅ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၅ ဘီလီယံရှိလာကြောင်းနှင့် ယင်းမှာ ၁၉၆၇ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးတိုးလာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်က ကမ္ဘာ့စစ်ရေးအသုံးစရိတ် သုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၉၉၇ ဘီလီယံဖြင့် အသုံးစရိတ် အမြင့်မားဆုံးနိုင်ငံအဖြစ် ဆက်လက်ရှိနေပြီး အဆိုပါ စစ်ရေးစရိတ်သုံးစွဲမှုပမာဏမှာ ၂၀၂၄ ခုနှစ် ကမ္ဘာ့စစ်ရေးအသုံးစရိတ်စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်များ၏ စုစုပေါင်းကာကွယ်ရေးအသုံးစရိတ်မှာ ၁ ဒသမ ၅ ထရီလီယံရှိပြီး ယင်းမှာ ကမ္ဘာ့စစ်ရေးအသုံးစရိတ်၏ ၅၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

SIPRI သည် ၁၉၆၆ ခုနှစ်တွင် တည်ထောင်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး စစ်ရေးအသုံးစရိတ်၊ လက်နက်ရောင်းဝယ်မှု၊ လက်နက်ဖျက်သိမ်းရေးနှင့် လက်နက်ထိန်းချုပ်ရေးဆိုင်ရာ အချက်အလက်များ၊ လေ့လာဆန်းစစ်ချက်များနှင့် အကြံပြုချက်များကို ပံ့ပိုးပေးသည်။ **ဆင်ဟွာ**

# စပိန်နှင့် ပေါ်တူဂီတွင် မီးပြန်လည်ရရှိသော်လည်း လေကြောင်းခရီးစဉ်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွား

**မက်ဒရစ် ဧပြီ ၂၉**

စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့တွင် အကြီးအကျယ် မီးပျက်မှုဖြစ်ပွားခဲ့ပြီးနောက် ယခုအခါတွင် မီးများပြန်လည်ရရှိပြီဖြစ်ကြောင်း စပိန်လျှပ်စစ်ကုမ္ပဏီတစ်ခုက ပြောကြားလိုက်သည်။ သို့သော်လည်း ယာဉ်ကြောပိတ်ဆို့မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မီးအမှောင်ကျမှုသည် ဧပြီ ၂၈ ရက်မွန်းလွဲပိုင်းမှ စတင်ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် စပိန်အစိုးရသည် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့ရပြီး ခရီးများကို လိုအပ်မှသွားရန်နှင့် ငြိမ်းချမ်းစွာနေထိုင်ကြရန် ပြည်သူများကို တိုက်တွန်းလိုက်သည်။

ဧပြီ ၂၉ ရက်တွင် နိုင်ငံအတွင်း မီးများပုံမှန်အတိုင်း ပြန်လည်ရရှိပြီဖြစ်ကြောင်း ပေါ်တူဂီအစိုးရက ပြောသည်။

စပိန်လျှပ်စစ်ကုမ္ပဏီကလည်း နိုင်ငံတစ်ဝန်း လျှပ်စစ်မီးများ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ပြန်လည်ရရှိခဲ့ကြောင်း ပြောသည်။ သို့သော်လည်း လေကြောင်းခရီးစဉ်များနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အနှောင့်အယှက်အဟန့်အတားများ ဆက်လက်ဖြစ်နေသေးကြောင်း သိရသည်။

အလားတူ လျှပ်စစ်မီးပြတ်တောက်မှုများသည် ပြင်သစ်နိုင်ငံ ဒေသအချို့တွင်လည်း ဖြစ်ပွားခဲ့သည်။ ယခုလိုဖြစ်ပွားရသည့် အကြောင်းရင်းကို ရှာဖွေလျက်ရှိကြောင်း စပိန်အစိုးရက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# အာဖဂန်မိသားစု ၁၄၁၄ စု အိမ်နီးချင်းနိုင်ငံများမှ နေရပ်ပြန်

**ကဘူးလ် ဧပြီ ၂၉**

ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အာဖဂန်မိသားစု ၁၄၁၄ စု (မိသားစုဝင် ၆၆၁၉ ဦး) တို့သည် အိမ်နီးချင်း အီရန်နှင့် ပါကစ္စတန်နိုင်ငံများမှ ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်သွားကြပြီဖြစ်ကြောင်း နေရပ်ပြန်ပြဿနာဖြေရှင်းရေးဆိုင်ရာ အာဖဂန်နစ္စတန်အဆင့်မြင့်ကော်မရှင်က ပြောသည်။

နေရပ်ပြန်သူများသည် အရှေ့ပိုင်းနန်ဂါဟာပြည်နယ် တော့ခ်ဟမ်နယ်စပ်ဖြတ်ကျော်ဂိတ်၊ တောင်ပိုင်းကန်ဒါဟာပြည်နယ် စပင်ဘော်လ်ဒက်ခ်နယ်စပ်ဖြတ်ကျော်ဂိတ်၊ အနောက်ပိုင်း ဟီရတ်ပြည်နယ် ကာလာနယ်စပ်ဖြတ်ကျော်ဂိတ်နှင့် အနောက်ပိုင်း နင်ရို့ဇ်ပြည်နယ် အာဘရီရှန်နယ်စပ်ဖြတ်ကျော်ဂိတ်များမှတစ်ဆင့် ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်သွားကြပြီဖြစ်ကြောင်း အဆင့်မြင့်ကော်မရှင်က ပြောသည်။

ဧပြီ ၁ ရက်မှ ၂၄ ရက်အတွင်း အာဖဂန်ဒုက္ခသည် ၁၂၀၀၀၀ ခန့်သည် ပါကစ္စတန်မှ ၎င်းတို့၏ နေရပ်ဒေသသို့ ပြန်သွားကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဧပြီ ၂၄ ရက်က ဖော်ပြသည်။

အာဖဂန်ဒုက္ခသည် ခုနှစ်သန်းခန့် (အများစုမှာ အထောက်အထားမပြနိုင်) သည် လတ်တလောတွင် ပြည်ပနိုင်ငံများတွင် နေထိုင်လျက်ရှိပြီး အထူးသဖြင့် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့တွင် နေထိုင်လျက်ရှိသည်။

အာဖဂန်ကြားဖြတ်အစိုးရသည် အာဖဂန်ဒုက္ခသည်များကို နေရပ်ပြန်ကြရန်နှင့် ပဋိပက္ခဖြစ်ပွားမှုကြောင့်ပျက်စီးနေသည့် မြို့များကို ပြန်လည်တည်ဆောက်ရာတွင်ကူညီရန် တိုက်တွန်းပြောကြားထားသည်။ **ဆင်ဟွာ**

# သီရိလင်္ကာက စီးပွားရေးဆိုင်ရာ သန်းခေါင်စာရင်းကို အဆင့်နှစ်ဆင့်ဖြင့် ကောက်ယူမည်

**ကိုလံဘို ဧပြီ ၂၉**

သီရိလင်္ကာအစိုးရအဖွဲ့ ဝန်ကြီးများသည် စီးပွားရေးဆိုင်ရာ သန်းခေါင်စာရင်းကို အဆင့်နှစ်ဆင့်ဖြင့် ကောက်ယူရန် အဆိုပြုချက်ကို အတည်ပြုလိုက်ကြောင်း ပြန်ကြားရေးဌာနက ဧပြီ ၂၉ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

သန်းခေါင်စာရင်းကို အဆင့်နှစ်ဆင့်ဖြင့် ကောက်ယူလုပ်ဆောင်သွားမည်ဖြစ်ပြီး ပထမအဆင့်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်မှာ အဓိကထား ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအဆင့်တွင် စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများကို ၂၀၂၆ ခုနှစ်မှာ ကောက်ယူသွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

သန်းခေါင်စာရင်းနှင့် စာရင်းအင်းဦးစီးဌာန (ဒီစီအက်စ်) မှ ဆောင်ရွက်သော နောက်ဆုံး စီးပွားရေးဆိုင်ရာ သန်းခေါင်စာရင်း ကောက်ယူမှုကို ၂၀၁၃/ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးလျှောင်ကြီး လှုပ်ခတ်ပြီးနောက် ဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ် ထိခိုက်ပျက်စီးမှုနှင့် အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၉

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးလျှောင်ကြီး လှုပ်ခတ်ပြီးနောက် ဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ် ထိခိုက်ပျက်စီးမှုနှင့် အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေ ပြန်လည်ပေးဝေနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးလျှောင်ကြီး လှုပ်ခတ်မှုကြောင့် ရမည်းသင်းမြို့နယ်ရှိ ကတင်ကန်အောက်ဘက်ပိုင်းတွင် အက်ကွဲကြောင်းများနှင့် ကန်ပေါင်ထိပ်ပြင် ပြတ်ရွေ့အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့မှုကိုလည်းကောင်း၊ သစ်ဆုံရေလှောင်တမံ ရေထုတ်ပြွန် အပေါ်ပိုင်းပျက်စီးမှု ပြန်လည်ပြုပြင်ခြင်းနှင့် သစ်ဆုံရေလွှဲဆည်၏ လက်ဝဲဘက်ခြမ်းမြေထိန်းနံရံ အက်ကြောင်းများ ဖြစ်ပေါ်ခဲ့မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက မန္တလေးလျှောင်ကြီး လှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် အရေးပေါ်ယာယီပြုပြင် ဆောင်ရွက်၍ စိုက်ပျိုးရေ ပြန်လည်ပေးဝေနေမှုကို ရှင်းလင်းတင်ပြကြသည်။

ကတင်ကန်ရေသောက်စနစ်တွင် ယခုနှစ် နွေသီးနှံရာသီ၌ နွေစပါးနှင့် နွေအခြားသီးနှံ ဧက ၂၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး သစ်ဆုံရေလှောင်တမံ ဆည်ရေသောက်စနစ်တွင် နွေစပါးနှင့် နွေအခြားသီးနှံ ဧက ၂၄၀၀ ကျော်တို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်းသိရပြီး လက်ရှိစစ်ဆေးတွေ့ရှိမှု အခြေအနေအရ ရေလှောင်တမံ ကြံ့ခိုင်လုံခြုံမှု အခြေအနေမှာ စိုးရိမ်ရန် မရှိကြောင်း သိရသည်။

ထို့နောက် မိတ္ထီလာကန် (တောင်ကန်) သို့ ရောက်ရှိပြီး မန္တလေးလျှောင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ကန်ပေါင်ထိခိုက်ခဲ့မှု၊ အရေးပေါ်ယာယီပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် စက်ယန္တရားအင်အားပြည့်ဖြင့် ကန်ပေါင်မြေဖို့ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီသော ဖို့မြေအမျိုးအစားဖြင့် အချိန်မီ မြေဖို့ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် မိတ္ထီလာကန် (တောင်ကန်) ကန်ပေါင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်တွင် လုပ်ငန်းဆောင်ရွက်မှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်းနှင့် ယခုလကုန်တွင် ပြုပြင်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် စားသောက်ကုန်မျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ၃၀ ရက်မြောက် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၀ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။




မတ် ၃၀ ရက်မှ ဧပြီ ၂၉ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ လယ်ဝေးမြို့ ယာယီကယ်ဆယ်ရေးစခန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ တပ်ကုန်းမြို့ရှိ အမှတ်(၁၀၉) တပ်ရင်းနှင့် ခုတင်(၁၀၀)ဆေးရုံ၊ နေပြည်တော်ကောင်စီဝင်းအတွင်းရှိ တိုင်းခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တိုင်းရုံးနှင့်ရဲတပ်ရင်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၉၀၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၈၈ အိတ်၊ ဆီပိသာ ၂၉၅၂၀၊ ဆား ပိသာ ၁၄၉၀ ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၂၇၉ ထုပ်၊ ငါးပိ ၂၇၇ ပိသာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံ့ခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိသာ၊ ငါးတန်ပိသာ ၄၀၊ ငါးမုတ် ပိသာ ၃၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၉၄ အိတ်၊ စားအုန်းဆီ ၄၇၄၅ ပိသာ၊ ဆား ၅၇ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၉၄ ဘူး၊ ငါးပိ ၁၈ ပိသာ၊ ကြက်သွန်နီ ၅၄၈ ပိသာ၊ အသားတု ၂၄ ပိသာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) အိတ် ၅၈၀၊ စားအုန်းဆီ ပိသာ ၅၅၀၀၀ ၊ ဆား ၁၀၅ ပိသာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၆ ထုပ်၊ ငါးပိ ပိသာ ၈၀ ၊ ငါးနီတူခြောက်၊ အာပုံ့ခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၉-၄-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ချောက် | ၄၁.၇ | ၁၀၇.၁ |
| မြင်းခြံ | ၃၉.၈ | ၁၀၃.၆ |
| ဇော်ဂ်းတူ | ၃၉.၅ | ၁၀၃.၁ |
| သာယာဝတီ | ၃၉.၅ | ၁၀၃.၁ |
| အောင်လံ | ၃၉.၀ | ၁၀၂.၂ |
| ပခုက္ကူ | ၃၉.၀ | ၁၀၂.၂ |
| ကော့ကရိတ် | ၃၈.၉ | ၁၀၂.၀ |
| ကြို့ပင်ကောက် | ၃၈.၅ | ၁၀၁.၃ |
| ညောင်လေးပင် | ၃၈.၀ | ၁၀၀.၄ |
| မြောင်းမြ | ၃၈.၀ | ၁၀၀.၄ |

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဧပြီ ၂၉ ရက်အထိ သေဆုံးသူ ၃၇၉၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဧပြီ ၂၈ ရက် ည ၇ နာရီမှ ဧပြီ ၂၉ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံ အခြေစိုက် Fo Guang Shani Bussha’s Light International Association Yayasan Sin Chew အဖွဲ့အစည်းများက ထောက်ပံ့ပေးသည့် တဘက်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ စောင်၊ ခြင်ထောင်၊ အိပ်ရာ၊ ဆိုလာမီးအိမ်၊ ရွက်ဖျင်တဲ ၃ ဒသမ ၉၁၈ တန်၊ တရုတ်-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရေးအသင်းက ထောက်ပံ့ပေးသည့် ဆေးဝါး ၂ ဒသမ ၁၈၅ တန်၊ Buddhist Tzu Chi Charity Foundation က ထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာ ၅ ဒသမ ၅၄၇ တန်၊ Serum Institute of India Pvt Ltd မှပေးပို့သည့် Tetanus Diphtheria (TD) ကာကွယ်ဆေးနှင့် Meases Rubella ကာကွယ်ဆေးများ၊ ၀ ဒသမ ၄၉ တန်၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ကထောက်ပံ့ပေးသည့် ရွက်ဖျင်တဲများထည့်ထားသော သစ်သားပုံး ၁၀ ပုံး၊ ၇ ဒသမ ၆၃၆ တန်နှင့် ရွက်ဖျင်တဲများ ၂ ဒသမ ၃၄၉ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်ဝန်ကြီးချုပ် အကူသူနာပြု (ပြင်ပ) ၉ လသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲ တက်ရောက်ချီးမြှင့်

**ဟားခါး ဧပြီ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ချင်းပြည်နယ်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သော အကူသူနာပြု (ပြင်ပ) ၉ လ သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေးအတွက် ကျန်းမာရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ချင်းပြည်နယ်အနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်နိုင်ရေး အကူသူနာပြုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အကူသူနာပြု ဆရာ ဆရာမများကို မွေးထုတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူတစ်ရပ်လုံးကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် အခြေခံသူနာပြုမှုလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန် မွေးထုတ်ရခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ် ကုသရေးဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ၂၀၂၂ ခုနှစ်တွင် အကူသူနာပြု ၄၃ ဦး၊ ၂၀၂၃ ခုနှစ်တွင် ၁၇ ဦး၊ ၂၀၂၄ ခုနှစ်တွင် ၂၂ ဦး သင်တန်းပို့ချ မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် အကူသူနာပြု ၉ လသင်တန်းကို အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပို့ချသည့် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အကူသူနာပြုဆရာ ဆရာမများအနေဖြင့်လည်း ကျင့်ဝတ်များကို စောင့်ထိန်းပြီး ပြည်သူလူထုက ယုံကြည်အားကိုးရသည့် အကူသူနာပြုများဖြစ်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အကူသူနာပြု (ပြင်ပ) ၉ လသင်တန်း အမှတ်စဉ် (၃) တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

အဆိုပါ အကူသူနာပြု (ပြင်ပ) အမှတ်စဉ် (၃) သင်တန်းကို ၁၅-၇-၂၀၂၄ ရက်မှ ၃၀-၃-၂၀၂၅ ရက်အထိ ၉ လကြာ သင်ကြားပို့ချခြင်းဖြစ်ပြီး သင်တန်းတွင် သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အောက်ရေကံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ လှည်းကူးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်

**မော်လမြိုင် ဧပြီ ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ လင်းရောင်ခြည် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲများ ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကိုကျင်းပရာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက တစ်ဖွဲ့လျှင် သုံးဦးဖြင့် အဖွဲ့ ငါးဖွဲ့ စုဖွဲ့၍ ပြိုင်ပွဲခေါင်းစဉ်များအလိုက် မဲနှိုက်ကာ ပါဝင်ယှဉ်ပြိုင်နေမှုများကို ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ IT နည်းပညာဖြစ်ပေါ်တိုးတက်လာမှုနှင့် သဘာဝဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများ ခေါင်းစဉ်တို့ဖြင့် အထူးဆုရရှိသော ပြိုင်ပွဲဝင်အဖွဲ့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်စာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့ကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများနှင့် စာဖတ်ခြင်းအကျိုးကျေးဇူး ခေါင်းစဉ်တို့ဖြင့် တတိယဆုနှင့် ဒုတိယဆုရရှိသော ပြိုင်ပွဲဝင်အဖွဲ့အား မော်လမြိုင်မြို့နယ် စာရေးဆရာမနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်သည်။ ထို့နောက် လူသားနှင့် ကျန်းမာရေး ပထမဆုရရှိသော ပြိုင်ပွဲဝင်အဖွဲ့အား ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုဆုနှင့် စာအုပ်စာစောင်များ ပေးအပ်သည်။ **ခရိုင် (ပြန်/ဆက်)**






ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧပြီ ၂၉ ရက်က ကန်ကြီးထောင့်မြို့နယ် ကျုံဒရယ်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်လျက်ရှိသော ၁၀၈ တောင်ဂမုန်းပေါင်းစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

## သန်လျင်မြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်၏ အဓိကရေထွက်ပေါက်ဖြစ်သော သီတာရေမြောင်းကြီးများအား ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ယင်းအပြင် အဖွဲ့ပိုင်စက်၊ ယာဉ်၊ ယန္တရားများဖြင့် မြို့ဝင်မြို့ထွက် သာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ အမှိုက်သိမ်းယာဉ်များဖြင့် သယ်ယူရှင်းလင်းခြင်း မြေယာရှုခင်းအလှများ ဆောင်ရွက်ခြင်း၊ ပန်းအလှ၊ အရိပ်ရအပင်စိုက်ပျိုးခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံအတွင်းရှိ အရိပ်ရနှင့် ပန်းအလှပင်များ ပြုပြင်ခြင်းလုပ်ငန်းများကို စည်ပင်ဝန်ထမ်းများက အဖွဲ့များခွဲကာ ဆောင်ရွက်လျက်ရှိပြီး မြို့ရေပေးဝေရေးလုပ်ငန်းကို ပြည်သူများ အလွယ်တကူ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သန်းဝင်း( သန်လျင်)**



# (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် ဧပြီ ၂၉**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေး လှူဒါန်းခြင်းကို ယနေ့နံနက် ပိုင်းက မော်လမြိုင်မြို့ အမှတ်(၅) တပ်မတော် ခုတင် (၃၀၀) ဆေးရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား အမှတ် (၅) တပ်မတော် ခုတင် (၃၀၀) ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သွေးလှူဒါန်းသူများအား အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။

ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းကြသူများအားအားဖြည့်ဆေးဝါးများ၊ အစားအစာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးဆီဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၂၉**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော စားသုံးဆီဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက်က မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်ကျော်လွင်က တိုင်းဒေသကြီးအတွင်း စားသုံးဆီဖြန့်ဖြူးရာတွင် အဆင်ပြေလွယ်ကူစေရန်၊ ဈေးနှုန်းနှင့်အလေးချိန်များ မှန်ကန်မှုရှိစေရန်၊ စားသုံးသူများအဆင်ပြေစွာဝယ်ယူ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်၊ အခက်အခဲရှိပါက တင်ပြကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် အချက်များအား လိုက်နာ ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ စားသုံးဆီ တင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီများ၊ လက်လီလက်ကားရောင်းချသူများက စားသုံးဆီဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက စားသုံးဆီ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ တင်ပြဆွေးနွေးမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင်**

# တောင်ငူခရိုင်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**တောင်ငူ ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ တောင်ငူခရိုင်၏ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အခမ်းအနားတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က စီမံကိန်း အကောင်အထည်ဖော်၍ တာဝန်ပေးအပ်ခြင်းသည် တောင်ငူခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားလေးနက်သည့် လုပ်ငန်းအဖြစ် ခံယူပြီး ဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်ငူခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းအေးနှင့် တာဝန်ရှိသူများက လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးများအတွက် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်များကို ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများသို့ တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မိုးစပါး သမဝါယမအသင်းများသို့ ပြန်အမ်းငွေပေးအပ်

**သုံးခွ ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးခဲ့သည့် သမဝါယမအသင်းများသို့ Refund ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူပြီး သုံးခွမြို့နယ်၌ ဧက ၂၆၃၅ ဧကအတွက် သိန်း ၅၂၇၀ နှင့်ညီမျှသည့် သွင်းအားစုကို အသင်းသားတောင်သူများ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း၊ အသင်းသားများက မြို့နယ်သမဝါယမ အသင်းစုသို့ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းနှင့် ညီမျှသော စပါးကို ဒေသပေါက်ဈေးနှင့်အညီ ပြန်လည်ဝယ်ယူခဲ့ရာ စပါးပြန်လည်ရောင်းချငွေများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေသို့ ပြေကျေစွာ ပေးသွင်းပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးသည့် အခြေခံအသင်းသားများသို့ Refund ငွေကျပ် ၅၂ ဒသမ ၇ သိန်းကို အသင်း ၁၄ သင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**



# ပူတာအိုခရိုင်၌ Grade - 12 ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်ပြန်လည်အပ်နှံ

**ပူတာအို ဧပြီ ၂၉**

တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် Grade–12 ကျောင်းသားကျောင်းသူများအား ပုံနှိပ်စာအုပ်ပြန်လည်အပ်နှံခြင်း အခမ်းအနားကို ဧပြီ ၂၇ ရက်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းညွန့်က ပုံနှိပ်စာအုပ်များ ပြန်လည်အပ်နှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်က တက္ကသိုလ်ဝင်တန်း (Grade–12) ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား နိုင်ငံတော်မှအခမဲ့ဖြန့်ဝေပေးသော ပုံနှိပ်စာအုပ်များကိုပြန်လည်ပေးအပ်ရာ မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးရန်ခွီဇိန်က လွှဲပြောင်းလက်ခံရယူသည်။ **(အပေါ်ပုံ)**

အဆိုပါ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade–12) ကို ပူတာအိုခရိုင် စာစစ်ဌာန သုံးခုတွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၆၀၀ ကျော် ပြန်လည်ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**ဖုန်ကန်(ပူတာအို)**

# မကွေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေးဆောင်ရွက်

**မကွေး ဧပြီ ၂၉**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အောင်ရတနာရပ်ကွက်၊ အဝေရာလမ်းရှိ "ကောင်းမွန်" အထူးကုဆေးရုံကြီးတွင် ယနေ့ နံနက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံရှိဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ ရန်ပုံငွေကျပ် ၁၅၁၂၃ ဒသမ ၁၁၄ သန်းဖြင့် လုပ်ငန်း ၅၇ ခု အကောင်အထည်ဖော်မည်



**ရန်ကုန်  မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၏ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က အင်းစိန်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်တွင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ( GDP) မှာ နှစ်အလိုက် ဈေးနှုန်းများအရ ငွေကျပ် ၃၀၉၂၃၃၀ ဒသမ ၈ သန်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ကုန်ခန့်မှန်းခြေအပေါ် တိုးတက်မှုနှုန်း ၂ ဒသမ ၉ ရာခိုင်နှုန်းရရှိရန်ရည်မှန်းထားပြီး လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးကို ၀ ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုး ၅၉ ဒသမ ၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုး ၄၀ ဒသမ ၆ ရာခိုင်နှုန်း ရရှိရန်ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးသန်းဆွေက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများကပေးအပ်ခဲ့ကြကြောင်းသိရပြီး မြို့နယ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၁၅၁၂၃ ဒသမ ၁၁၄ သန်း ဖြင့် လုပ်ငန်း ၅၇ ခု အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

## ဘားအံမြို့၌ အရန်မီးသတ်အကြို အခြေခံမီးသတ်ပညာသင်တန်းဖွင့်လှစ်

**ဘားအံ  မေ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးတပ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ အရန်မီးသတ်အကြို အခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကို ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် မေ ၂၈ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က အမှာစကားပြောကြားခဲ့ပြီးနောက် သင်တန်းတွင် အခြေခံမီးသတ်ပညာရပ်များ၊ အခြေခံရှာဖွေကယ်ဆယ်ရေး ပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးခြင်း၊ လက်နက်မဲ့စစ်ရေးပြ ပညာရပ်များကို ခရိုင်မီးသတ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်များမှ နည်းပြသန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက နည်းပြများအဖြစ် သင်ကြားပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၆၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



## တွံတေးမြို့နယ် မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ လေပန်ကာနှင့်သင်ဖြူးဖျာများလှူဒါန်းပေး



**တွံတေး  မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ လေပန်ကာနှင့်သင်ဖြူးဖျာများ မေ ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါရိပ်သာတွင် တွံတေးမြို့မွေးမြူရေးဇုန် လုပ်ငန်းရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၈၆၂၅၀၀ တန်ဖိုးရှိ နံရံကပ်ပန်ကာ ခြောက်လုံးနှင့် အဘိုးအဘွား ၂၅ ဦးအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ သင်ဖြူးဖျာ ၂၅ ချပ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တွံတေးသား**

## ကွမ်းခြံကုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေးအသိပေး

**ကွမ်းခြံကုန်း  မေ ၂၉**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မင်းပိုင်းရပ်ကွက်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးဟိန်းနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ရပ်ကွက်/ကျေးရွာနေအိမ်များအတွင်း တအိမ်တက်ဆင်း စစ်ဆေးခဲ့ကြကြောင်းသိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



## ကွန်ဟိန်းမြို့နယ် နားတီးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**ကွန်ဟိန်း  မေ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားတီးကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေးရရှိစေမည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခြင်းကို မေ ၂၉ ရက်က ဆောင်ရွက်သည်။

နားတီးကျေးရွာတွင် အရှည် ၁မိုင် ၄ ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်ဟိန်းနှင့်ဝန်ထမ်းများက ဆောင်ရွက်ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နားတီးကျေးရွာရှိ အိမ်ခြေ ၈၀ အတွက် နှစ်စဉ် ရေရှားပါးသည့် ပြဿနာပြေလည်စေရန်နှင့် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အဆိုပါ ရေရရှိရေး လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **မောင်ခိုင်**



## ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် မိုးကြိုပဲတီစိမ်း ၆၂၃၉ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ  မေ ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် မိုးကြိုပဲတီစိမ်းသီးနှံ ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနေ့ထိ မိုးကြိုပဲတီစိမ်းစိုက်ဧက ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံဟာ ဈေးကွက်ရှိတဲ့သီးနှံဖြစ်လို့ တောင်သူတွေက မဲဇလီရေလွှဲဆည်ရေနဲ့ နှစ်စဉ် ဖေဖော်ဝါရီလ၊ မတ်လမှာ စိုက်ပျိုးလေ့ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် မိုးကြိုပဲတီစိမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ စိုက်ပျိုးရေး သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂၈ ရက်က ကျိုက်လတ်-မအူပင် ကားလမ်းဘေးရှိ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်ရေး လေ့ကျင့်သရုပ်ပြသခြင်း ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



## ပြည်သူ့ကြားကပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော်  မေ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့က နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများအား ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်

**လွိုင်ကော် မေ ၂၉**

ကယားပြည်နယ်အစိုးရအဖွဲ့က တိုက်ပွဲဖြစ်စဉ်များကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများအား ဆောက်လုပ်ရေးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်သူများ၏ လုံခြုံရေးအတွက် စနစ်တကျဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့ပြင် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် မိမိတို့၏ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ဆောက်လုပ်ရေးပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က မင်းစု၊ ဒေါဥခူနှင့် နာနတ်တောရပ်ကွက်ရှိ ပြည်သူများကိုယ်စား ကိုယ်စားလှယ်များကို လည်းကောင်း၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ကိုယ်စားလှယ်များကိုလည်းကောင်း ပေးအပ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။




ယခုအခမ်းအနားတွင် လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၉ခုရှိ နေအိမ်၄၁၁ လုံးအတွက် ဘိလပ်မြေ ၁၅၈၇အိတ်၊ ၁၂ ပေသွပ် ၂၆၉၁ ချပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသားတစ်ဦးတို့အား ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်း ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ၁၇ ဦးတို့အား လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုတို့ကိုရှေးရှု၍ ယနေ့တွင် မြန်မာ - ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Zoheir Boud-raa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Counsellor Ms. Jarin Sajaya-binti Abdul Hathi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ပန်းဆု@user4277348004554" TikTok၊ "အသဲကွဲသူမလာရ@user8882909-630503" TikTok၊ "Nay Myo Tun" Face-book အကောင့်များပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေလယ်ကုန်းကျေးရွာနေ နန်းမူအား မွန်းလွဲ ၂ နာရီခွဲတွင် ကော့ကရိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ နှစ်လုံး / သုံးလုံးထီရောင်းချသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မေ ၂၈ ရက်က နှစ်လုံး/သုံးလုံးထီ ရောင်းချသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အောင်အောင်(ခ)အဗ္ဗသွန်ရာဟမ်း(၄၂)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားအသင့်တွေ့ရှိရပြီး နေအိမ်နောက်ဖေးအခန်းအတွင်းမှ တရားမဝင် နှစ်လုံး/ သုံးလုံးထီ ရောင်းချရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေ ၂၃၀၀၀၀ ကျပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်အောင်(ခ) အဗ္ဗသွန်ရာဟမ်းကို ပြင်ဦးလွင်မြို့မရဲစခန်း (ပ) ၈၄/၂၀၂၅၊ လောင်းကစားဥပဒေပုဒ်မ ၁၈(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 (Call Sign: XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Crab2 | 15° 02' 36.60" N | 94° 05' 40.69" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 (Call Sign: XVOH7) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

**သတင်းစဉ်**

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သင်းခွေချပ်ကြေးခွံ ၆၄ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀၀)ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Myanmar Yangon Truck တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၉၂၃၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Mon Hla ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၃၉၉၂၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



သာကေတဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု

ယင်းအပြင် ဧပြီ ၂၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဆွတ်ငိုင်တောင်နယ်မြေရှိ ကုန်တင်ကုန်ချစခန်း၊ ယာဉ်ရပ်နားကွင်းအတွင်း စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၃၀၀၀၀)ကို လည်းကောင်း၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုဇုန်နယ်မြေ လမ်းသွယ် (၇) ရှိ ခြံအမှတ်(၁၁၃)နှင့် (၁၁၄) ၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၄၈၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၇၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရေပူကျေးရွာ မွေးမြူရေးဇုန်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၃၃၀၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်-ကျိုင်းတုံ ကားလမ်း မလိပါကော လမ်းဘေးအနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် မင်းရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၉၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၁၃၉ တန်၊ သစ်မာ ၄ ဒသမ ၆၄၃ တန်၊ အခြားသစ် ၅ ဒသမ ၃၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၃၀၃၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၃၀၃၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၃၂၃၃၄၆) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## စွမ်းအင်ဝန်ကြီးဌာန
## ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၅)

၁။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|
| (က) | Fuel Lab Equipment (5–Items) | (DDP up to PPRD, Yangon) |
| | (8–Items) | (DDP up to PPRD, Mandalay) |
| | (21– Items) | (DDP up to PPRD, Nay Pyi Taw, ဝယ်ယူခြင်း |

၂။ **တင်ဒါပုံစံစတင်ဝယ်ယူနိုင်သည့် ရက်နှင့်တန်ဖိုး** - ၃၀-၄-၂၀၂၅ ရက်မှစတင်၍ ရုံးပိတ်ရက်များမှအပ နံနက် ၁၀:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း ဤဦးစီးဌာန၊ ဘတ်ဂျက်ဌာနခွဲ (ရုံးချုပ်၊ နေပြည်တော်)တွင် တင်ဒါပုံစံ တစ်စောင်လျှင် ကျပ် ၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ) ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်နှင့်နေရာ** - ၁၆-၅-၂၀၂၅ ရက်၊ နေ့လယ် ၁၄:၀၀ နာရီ နောက်ဆုံးထား၍ ဤဦးစီးဌာန၊ စီမံရေးဌာနခွဲ (ရုံးချုပ်၊ နေပြည်တော်)တွင် တင်သွင်းရပါမည်။ E-mail/ Mail ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းအား လက်မခံပါ။

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၆-၅-၂၀၂၅ ရက်၊ နေ့လယ် ၁၅:၀၀ နာရီ

၅။ သတ်မှတ်ရက်/အချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၆)၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်၊ နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက် စုံစမ်းနိုင်ပြီး ဖုန်း- ၀၆၇ -၃၄၁၁၄၈၇ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သမိန်ဗရမ်းလမ်း၊မြေကွက်အမှတ်(၈၂၄)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ခင်မြတ်ဇင် (၁၂/ဥကမ (နိုင်) ၀၀၂၁၆၃)နှင့် ဦးကျော်ထင် (၁၂/အလန (နိုင်) ၀၄၀၈၃၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဒေါ်ခင်မြတ်ဇင်နှင့် ဦးကျော်ထင်တို့(၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

စာအုပ်စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း၊ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီ များအား ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၂၉-၄-၂၀၂၅ရက်မှ ၂၈-၅-၂၀၂၅ရက်အထိ |
| (ခ) | **တင်ဒါတင်သွင်းရမည့်ရက်** | - | ၂၀-၅-၂၀၂၅ရက်မှ ၂၉-၅-၂၀၂၅ ရက်အထိ (၁၄:၀၀နာရီထိ) |
| (ဂ) | **တင်ဒါပိတ်မည့်ရက်** | - | ၂၉-၅-၂၀၂၅ရက် (၁၄:၀၀နာရီထိ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ** - ၀၄၂-၂၄၅၅၂ (အင်ဂျင်နီယာဌာန)
- ၀၄၂-၂၁၈၉၁ (ဘဏ္ဍာရေးဌာန)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**

## အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက် (ယာမြေ)၊ အိမ်အမှတ်(၈/၁၈၁)နေ (ဘ)ဦးယီပြန်း၏သမီး ဒေါ်အီအင် ၁၃/မဖန(နိုင်)၀၁၆၅၂၄ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ -

ဒေါ်နန်းလျိူး (အမေတူအဖေကွဲညီမ)၊ ၁၃/မဖန(နိုင်)၀၂၆၆၃၉ သည် မိဘလူကြီးနှင့်ညီအစ်ကိုမောင်နှမတို့၏ ပြောဆိုသွန်သင်ဆုံးမမှုကိုမနာခံဘဲ ၎င်း၏ စိတ်ဆန္ဒအတိုင်း ပြုမူဆောင်ရွက် နေထိုင်နေပါသဖြင့် မိဘလူကြီးနှင့် ညီအစ်ကိုမောင်နှမတို့မှ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ အရှက်ရခြင်းနှင့် စိတ်ပူပန်ရခြင်းတို့ဖြစ်နေရပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး အပါအဝင် မည်သည့်ကိစ္စရပ်အဝဝ အရှုပ်အရှင်းကိုမျှ တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ကြောင်း မိဘဆွေမျိုးများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အီအင်** | **ဒေါ်သူဇာမိုး (LL.B)** |
| ၁၃/မဖန(နိုင်)၀၁၆၅၂၄ | တရားလွှတ်တော်ရှေ့နေ |
| ၈/၁၈၁၊ မကာဟိုခမ်းရပ်ကွက်၊ | စဉ်-၁၃၉၄၈ |
| တာချီလိတ်မြို့၊ | မကာဟိုခမ်းရပ်ကွက်၊ |
| | တာချီလိတ်မြို့၊ |
| | ဖုန်း-၀၉-၄၂၈၂၃၀၉၆၊ |
| | ၀၉-၇၇၇၅၅၃၄၂၀ |


# သထုံခရိုင် ဒေသန္တရစီမံကိန်းများ တာဝန်ပေးအပ်

**သထုံ မေ ၂၉**

မွန်ပြည်နယ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းအောင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ၏ ကဏ္ဍအလိုက် အားသာချက်၊ အားနည်းချက်များနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့အတွက် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တာဝန်ပေးအပ်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြသည်။ ခရိုင်(ပြန်/ဆက်)



# မိုင်းရှူးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉၁ သိန်းထုတ်ချေး



**မိုင်းရှူး မေ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားစံကျေးရွာအုပ်စုအတွင်းရှိ နမ့်ဖတ်ကျေးရွာနှင့် ဆိုင်းလှိုင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇေယျာမင်းက ချေးငွေထုတ်ချေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံတို့က နမ့်ဖတ်ကျေးရွာနှင့် ဆိုင်းလှိုင်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉၁ သိန်းကို အတိုးနှုန်း သက်သာစွာဖြင့် နဝမအကြိမ်မြောက် ထုတ်ချေးပေးခဲ့သည်။ (ဝဲပုံ) ၂၂၂

# ညောင်လေးပင်မြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

**ညောင်လေးပင် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ညောင်လေးပင်ခရိုင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကား ပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးမျိုးသန့်ထွန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာများကို အသီးသီးပေးအပ်ခဲ့သည်။

နီနီဝင်း(ပြန်/ဆက်)



ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်

ယာယီ

**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၃၀ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဓ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၈) လုံးအား ခွဲဝေ ရောင်းချရာတွင် ထီစာအုပ် (၆၅၄၅၄၄) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၆၅၄၅.၄၄၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၄၅၈၁.၈၀၈**) ဖြစ်ပါသည်။ (၇၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၂၃၂**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၄၅၈၂.၀၄၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၆) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၆၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၃၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၁၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေ အပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၅-၂၀၂၅) ရက်နေ့ (ကြာသပတေးနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၁၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆု ထီဖွင့်ပွဲကို နေ့လယ် (၀၂:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတား မြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးကောင်းမြတ်ဇော် ၇/ပမန(နိုင်)၁၂၄၅၂၆သည် ပဲခူးတိုင်း(အနောက်)ဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ အောင်ဆန်းပြည်သာယာရပ်ကွက်၊ အပိုင်း(၂)၊ (G2လမ်း)တွင် ရှိ သော အကွက်အမှတ်(၁၄)၊ ဖြူကုန်းကွင်း၊ ဦးပိုင်အမှတ် ၇၄/၂ ခ – မြေအမျိုးအစား–G၊ ဦးကျင်ရွှေ အမည်ထွက်ရှိထားသော ဧရိယာ ၃ ဒသမ ၃၆ကေအနက်မှ အလျား ပေ၆၀x အနံ ပေ၄၅ ရှိသော မြေကွက်အား အပိုင်ရောင်းသူ ဦးအောင်မိုးနိုင် ၁၄/ပသန(နိုင်)၀၃၀၅၁၃ထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်နှင့်အတူ ၇-၄-၂၀၂၅ရက်စွဲတွင် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကောင်းမြတ်ဇော် ၇/ပမန(နိုင်)၁၂၄၅၂၆
ပြည်မြို့
ဖုန်း-၀၉-၅၁၉၅၅၄၆

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (**UE-1**)၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ်(၁၅၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးလုံ(**DI**–၀၃၀၀၁၁) အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဒေါ်ခိုင်ခိုင်အေး(၁၂/ဗဟန(နိုင်)၀၂၅၈၂၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး
## ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို(၁)စောင်လျှင် ၁၀,၀၀၀ိ/– (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါအတိုင်းဆက်သွယ်ဝယ်ယူ လျှောက်ထားနိုင်ပါသည်–

| စဉ် | လုပ်ငန်းအမည် | Lot.No. | နေရပ်လိပ်စာ |
|---|---|---|---|
| ၁။ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စစ်ကြောရေးနှင့် ထိန်းသိမ်းရေး RC (၂)ထပ်၊ (၃၀' X ၄၀') အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်းနှင့်ဝန်ထမ်းအိမ်ရာခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း(အရှည်၃၇၈'၊ မြေထိန်းနံရံအပေါ် အမြင့် ၆') (အရှည် ၂၇၁'၊ မြေဝင် ၃' အမြင့် ၆')ဘာရိတ်ခါးဆူးကြိုးအပါအဝင်ကာရံခြင်းလုပ်ငန်း | Lot.1 | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးနှင့် ဝန်ထမ်းအိမ်ရာ သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး(၆) ဥသျှောမြို့သစ်၊ ပဲခူးမြို့ |

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** – ၂-၅-၂၀၂၅ရက် နံနက်(၀၉:၃၀)နာရီမှ ညနေ (၁၆:၀၀)နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** – ၁၅-၅-၂၀၂၅ရက် ညနေ(၁၆:၀၀)နာရီ

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်** – ၁၆-၅-၂၀၂၅ရက် ညနေ(၁၆:၀၀)နာရီ

(ဃ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာနှင့်ပြန်လည် တင်သွင်းရမည့်နေရာ** – အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ဖုန်းအမှတ် ၀၅၂-၂၂၃၀၁၇၀ နှင့် ၀၅၂-၂၂၃၀၈၀၁ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** – (၃၀-၄-၂၀၂၅ )မှ (၁၃-၅-၂၀၂၅)ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန်** – (၁၄-၅-၂၀၂၅)ရက်၊ (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာပုံစံ** – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ **ရောင်းချမည့်နေရာ** ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင်/ဥတ္တရခရိုင်၊ နေပြည်တော်

၂။ တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင် (ဖုန်း–၀၉-၂၆၀၀၂၅၇၅၄ နှင့် ဥတ္တရခရိုင် (ဖုန်း–၀၉-၄၅၅၆၆၃၅၁၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲ စွမ်းအင်နှင့်ရေအားစက်ရုံများဌာနလက်အောက်ရှိ အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံအတွက် စက်အရံပစ္စည်း(၂)မျိုးဝယ်ယူခြင်းနှင့် Transformer ပြုပြင်ခြင်း လုပ်ငန်းတို့အား အောက်ဖော်ပြပါအတိုင်း (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည် –

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | Tender No.01(T)/EPGE (REHP)/ 2025–2026 | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်(၂)လုံးအတွက် စက်အရံပစ္စည်း(၂)မျိုး ဝယ်ယူခြင်း။ |
| (ခ) | Tender No.02(T)/EPGE (REHP) 2025–2026 | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံရှိ 11/11 KV, 5MVA Isolating Transformer(1)No ပြုပြင်ခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိတ်ပိတ်၍ တင်ဒါပိတ်ရက်၏(၁၃:၀၀)နာရီနောက်ဆုံးထား၍(လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါပိတ်ရက်နှင့် အချိန်** – ၁၂-၅-၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ

၄။ **တင်ဒါလက်ခံမည့်နေရာ** – လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၅။ တင်ဒါပုံစံများအား သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
(ဖုန်း–၀၉-၄၄၈၅၃၃၈၉၄)

# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
# (၃ / ၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၅၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၅၉/ခ)၊ မြေဧရိယာ(၀ဒသမ၀၉၂)ဧကရှိမြေကွက်ကို မူလက ဦးသိန်းနိုင်နှင့် ဒေါ်ခင်စန်းထွေးတို့(၂)ဦး အမည်ဖြင့် (၁၈-၈-၂၀၃၃)ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး၊ (၁၃-၂-၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၆၅/၂၀၂၅)အရ ဦးသိန်းနိုင်နှင့် ဒေါ်ခင်စန်းထွေး (၂) ဦး ထံမှ ဦးစိန်လုံးနှင့်ဒေါ်ဆောင်လီ တို့(၂)ဦး အမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးစိန်လုံး ၁/ဟပန(နိုင်) ၀၀၀၃၅၃နှင့် ဒေါ်ဆောင်လီ ၁/မကန(နိုင်) ၁၀၉၉၈၄တို့(၂)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကယားပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၂၅ -၂၀၂၆ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှခွင့်ပြုသည့် ကျပ်သန်း(၂၀၀)အထက် ပစ္စည်းဝယ်ယူရေး၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း၊ မီးလင်းရေး၊ ရေပေးရေး၊ လမ်းတံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါတင်သွင်းမည့်နေရာ** | - ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး |
| (ခ) | **လိပ်မူရမည့်ပုဂ္ဂိုလ်** | - ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ |
| (ဂ) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - (၂၉-၄-၂၀၂၅)မှ(၁၂-၅-၂၀၂၅)အထိ (ရုံးချိန်အတွင်းသာ) |
| (ဃ) | **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - (၁၂-၅-၂၀၂၅)ရက်၊ ညနေ (၁၆:၀၀)နာရီ |
| (င) | **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး |
| (စ) | **တင်ဒါဖွင့်မည့်နေ့ရက်** | - ဆက်သွယ်အကြောင်းကြားပါမည်။ |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း (၀၉-၂၆၀၄၂၈၀၉၂၊ ၀၉-၉၅၂၀၃၅၄၅၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) ပခုက္ကူခရိုင်တရားရုံးတော်၌ ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၉ နှင့်ဆက်နွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

မန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်) **နှင့်** ၁။ ဒေါ်နုနုရင်
ပခုက္ကူမြို့ ၂။ ဦးကျော်လင်းဟိန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ တိုးချဲ့(၂)ရပ်ကွက်နေ (ယခုနေရပ်မသိ) တရားရှုံးများဖြစ်ကြသော (၁)ဒေါ်နုနုရင်၊ (၂) ဦးကျော်လင်းဟိန်းတို့သိစေရမည်။

၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်)ပခုက္ကူမြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၃၀ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝါဝါထွေး)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပခုက္ကူခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/7788 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တောင်ကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၆၃/၂၊ ဦးပိုင်အမှတ် (၃)၊ ၅၅လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညီညီလွင်(ခ) CHEONG KHWE FUN ၁၃/လရန(ပြု)၀၀၀၀၂၄က အမှုတွဲအမှတ်(၀၀၀၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/46043 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၁/ဝမန(နိုင်)၀၇၉၅၁၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ပါကြောင်း

ငွေဆောင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၆-ပြင်)၊ ငဆောင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၅၀၃/၂)၊ ဧရိယာ(၀.၂၃)ဧကရှိမြေအား ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ငွေဆောင်ရုံးခွဲ) အမည်ဖြင့် မြေပေးမိန့်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ ကချင်ပြည်နယ်တရားလွှတ်တော် (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် - ၃

၁။ ဒေါ်ခင်စောမြမွန် **နှင့်** ဦးမျိုးကျော်ကျော်
၂။ ဦးဇာနည်အောင်
**အယူခံတရားလိုများ** **အယူခံတရားပြိုင်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၁၇)၊ အမှတ်(၂၁)နေ ဦးမျိုးကျော်ကျော် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်နေ့စွဲပါ မြစ်ကြီးနားခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၁/၂၀၂၂ တွင် ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် ဦးမျိုးကျော်ကျော်သိစေရမည်။

ယခုအမှုတွင် မြစ်ကြီးနားခရိုင်၊ နယ်တရားမရုံးတော်ကချမှတ်ပေးသည့် ဒီကရီကို ဒေါ်ခင်စောမြမွန်ပါ ၂ ဦး က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇွန်လ(၃)ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၈ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ် ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်- ၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေဦး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကချင်ပြည်နယ်တရားလွှတ်တော်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) ပခုက္ကူခရိုင်တရားရုံးတော်၌ ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၆ နှင့်ဆက်နွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

မန်နေဂျာ(မြန်မာ့စီးပွားရေးဘဏ်) **နှင့်** ၁။ ဦးဝင်းဗိုလ်
ပခုက္ကူမြို့ ၂။ ဒေါ်သန်းသန်းနွယ်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ တိုးချဲ့(၂)ရပ်ကွက်နေ (ယခုနေရပ်မသိ) တရားရှုံးများဖြစ်ကြသော (၁)ဦးဝင်းဗိုလ်၊ (၂) ဒေါ်သန်းသန်းနွယ် တို့သိစေရမည်။

၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်)ပခုက္ကူမြို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မေလ ၃၀ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝါဝါထွေး)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပခုက္ကူခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ အေးရိပ်မြိုင်လမ်း၊ အမှတ် ၁၃၉၅/ခ၊ အကျယ်အဝန်းပေ(၁၀X၆၀)ပေ၊ စတုရန်းပေ(၆၀၀)၊ ဦးလှကြိုင် ၁၂/လမန(နိုင်)၀၉၂၉၅၂အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားသူ ဒေါ်ပန်းအိဖြူ ၁၄/ပတ(နိုင်)၂၅၃၅၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဂျူလိုင်မိုး (LL.B,D.B.L)အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇဗ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

## ဦးသက်ပိုင်ဝင်း ၁၂/ဗဟန(နိုင်)၀၂၄၈၂၂ သိစေရန်

Golden TMH International Co.,Ltd.၏ (MD) ဖြစ်သူ ဦးသက်ပိုင်ဝင်း အမှတ် (၉၁၆)၊ ကျော်စွာ(၁၇)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ (ယခုလိပ်စာမသိသူအားသိစေရန်)-

လူကြီးမင်း ဦးသက်ပိုင်ဝင်းမှာ ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီဖြစ်သော Global Goahead Co.,Ltd.တွင် လူကြီးမင်းကိုယ်တိုင် ယုံကြည်အောင်ပြောဆိုပြီး လုပ်ဆောင်ထားသော ကိစ္စရပ်များကိုလည်း လူကြီးမင်းအသိပင်ဖြစ်ပါသည်။ အဆိုပါ ကိစ္စရပ်များအတွက် လူကြီးမင်းထံသို့ ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီမှ တာဝန်ရှိသူများမှ ဖုန်းအကြိမ်ကြိမ် ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းမှာ ဖုန်းကိုင်ခြင်းမရှိဘဲ ယနေ့အချိန်အထိ လူကြီးမင်းဘက်မှလည်း ဖုန်းဆက်သွယ်ခဲ့ခြင်းမရှိပါ၊ သို့ဖြစ်ပါ၍ ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း Global Goahead Co.,Ltd.သို့ လူကိုယ်တိုင်လာရောက် ဖြေရှင်းဆောင်ရွက်ပေးပါရန်သိစေအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ | |
|---|---|---|
| **ဦးကျော်စွာလင်း** | **ဒေါ်ချယ်ရီအောင်** | **ဒေါ်ဝင်းရီ** |
| **(Global Goahead Co.,Ltd. ကိုယ်စား)** | **(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၅၂၉၂)** | **(အထက်တန်းရှေ့နေ) (စဉ်-၃၈၁၂၀)** |

**အမှတ် - အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့၊ဖုန်း-၀၉-၆၅၁၆၅၉၉၆၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၁)
## ကျိုင်းတုံခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဒေါ်ဇင်မမထက် နှင့် ဦးလုံကျင်း
တရားလို တရားပြိုင်

ရပ်ကွက်(၄)၊ ဆွန်လုံနောင်ကွန်၊ ကျိုင်းတုံမြို့ (ယခုနေရပ်လိပ်စာမသိ) နေ ဦးလုံကျင်း သိစေရမည်။

သင့်အပေါ်၌၊ ဒေါ်ဇင်မမထက် က ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၁၂ ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(စည်သူဝင်း)
ခရိုင်တရားသူကြီး
ကျိုင်းတုံခရိုင်တရားရုံး

## အမည်မှန်

သဲကုန်းမြို့နယ်၊ အင်းမမြို့၊ သီရိသုခရပ်ကွက်နေ (ဘ)ဦးမျိုးဆွေ ၁၂/သကတ(နိုင်)၀၀၀၁၇၇၊ (မိ)ဒေါ်စန်း စန်းမူ ၇/သကန(နိုင်)၀၈၁၇၂၆ တို့၏ သမီး အထက၊ အင်းမကျောင်း၊ Grade-10တန်းမှ မကြည်ချမ်း မြေ့သော် ၏ အမည်မှန်မှာ မသီရိထက် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၈၂၄၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်း များ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ(Machinery & Equipment)၊ အရပ်ရပ်သုံး ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများ (Dental Material, Medical Book & Journal နှင့် E-Goverment)အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့ အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူ အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅-၅-၂၀၂၅)ရက်မှစတင်၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး (၁၆-၅-၂၀၂၅)ရက်၊ ညနေ(၄:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းရမည့်စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းများတွင် ဖော်ပြထားမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၇၅၇၁၂၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၆၆)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၃

ဦးဇေယျာလင်းမြင့် နှင့် ဦးစိန်ထွန်း
(တရားနိုင်) (တရားရှုံး)

အင်းစိန်ခရိုင်တရားရုံး၊ ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈၃တွင် ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၂၀၂၅ခုနှစ်၊ မေလ ၂၆ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လကွယ်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ ၁၀မိုင်၊ ကန်ကြီး အောင်လမ်း၊ အမှတ် ၃၃ရှိ တိုက်ခန်း အကျယ်အဝန်း ၁၁x၃၁ပေရှိ မြေညီထပ် (ခေါင်းရင်းခြမ်း) တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်။

**ကြမ်းခင်းဈေး ကျပ်သိန်း ( ၃၀၀ )**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်စည်းကမ်းချက် အချက်အလက်များကို ရောင်းချသူ အရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်းလာရောက် စုံစမ်း နိုင်သည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၈ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောထွန်းအေး)
ဒုတိယခရိုင်တရားသူကြီး(၅)
အင်းစိန်ခရိုင်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ကိုရဲမာန်အောင် ၇/ရတရ(နိုင်)၁၃၈၇၅၃ နှင့် မသရဖီဆွေ ၁၂/သဃက (နိုင်)၂၀၁၀၃၅တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ စပ်ဆိုင်ခြင်းအလျဉ်းမရှိတော့ဘဲ တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ကြပါကြောင်းကို အသီးသီး ဝန်ခံကတိပြုလျက် (၂၈-၄-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင် မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းကို ကာယကံရှင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-** **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ကိုရဲမာန်အောင်** | **ဒေါ်ချိုချိုလွင် (LL.B), (D.I.L)** | **ဒေါ်မြမှူးသွင်(LL.B)** |
| **မသရဖီဆွေ** | **DL.101** | **DL.101** |
| | **(WIPO SWITZERLAND)** | **(WIPO SWITZERLAND)** |
| | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဥ်-၁၂၅၁၃)** | **(စဥ်-၅၄၃၂၁)** |

**အမှတ်(၃၁၂)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁/၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၄၂၅၃၀၂၁၅၄**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 32W/60455 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၄/အဂပ(နိုင်) ၁၇၀၈၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟင်္သာတ)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ် များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြု ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၈၈) ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ် ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw. State. Polytechnic University တွင် (၃၀-၄-၂၀၂၅) ရက်မှ (၁၃-၅-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာ မည့် တင်ဒါပုံစံများကို (၉- ၅-၂၀၂၅) ရက်မှ (၁၃-၅-၂၀၂၅) ရက် အထိ ရုံးချိန် အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင်ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ ကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်) ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyitaw State Polytechnic University တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ဒေါ်ဝန်ဟွေလန့် (၁၃/တယန(နိုင်)၀၁၃၃၀၄)နှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တန့်ယန်းမြို့၊ ရပ်ကွက်(၄)၊ အုပ်စု(၁၃)နေ စိုင်းထွန်းလင်း ၁၃/တယန(နိုင်)၀၇၆၃၈၉မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၉)နေ ဒေါ်ဝန်ဟွေလန့် ၁၃/တယန(နိုင်) ၀၁၃၃၀၄ က ၎င်းပိုင်ဆိုင်သော တန့်ယန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊အကွက်အမှတ်(၁၀/ဥယျာဉ်ကွက်) ဦးပိုင်အမှတ်(၁၇)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၂၂ဧကရှိမြေကွက်ကို ရပ်ကွက်(၄)၊ အုပ်စု(၁၃)နေ စိုင်းထွန်းလင်း ၁၃/တယန(နိုင်)၀၇၆၃၈၉ သို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ မြေကိုလက်ရောက်ပေးအပ်ခဲ့ပါသည်။ မှတ်ပုံတင် စာချုပ်ပြုလုပ်ပေးမည်ဟုလည်း ကတိပြုခဲ့ကြပါသည်။

ဒေါ်ဝန်ဟွေလန့်အား ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မြေကွက် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးရန် အသိပေးအကြောင်း ကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ဆောင်ရွက်ပေးခြင်း မပြုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအကြောင်း ကြားကြေညာအပ်ပါသည်။

**စိုင်းထွန်းလင်း ၁၃/တယန(နိုင်)၀၇၆၃၈၉**
**ရပ်ကွက်(၄)၊ အုပ်စု(၁၃)၊ တန့်ယန်းမြို့**

## ဖခင်အမည်မှန်

ဟင်္သာတမြို့နယ်၊ နတ်မော် အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးတင်ထွဋ် ၁၂/တကန(နိုင်)၀၈၂၆၁၀ ၏ ဖခင် အမည်မှန်မှာ ဦးမောင်စိမ်း(ခ) ဦးမောင်စိန်း(ခ)ဦးစိန်း ဖြစ်ပါသည်။

**ဦးမောင်စိမ်း(ခ)ဦးမောင်စိန်း(ခ)**
**ဦးစိန်း**


## ၂၀ ပေ×၆၀ ပေ RC ၃ ထပ်တိုက် ရောင်းမည်

ဝေဇယန္တာလမ်းမအနီး၊ နန္ဒဝန်ဈေးအနီး၊ ဗြဟ္မစိုရ် လမ်းကျောကပ်။ဂရုံအမည်ပေါက်။တောင်ဥက္ကလာ ၆ ရပ်ကွက်၊ မင်းခေါင်လမ်း။ 3MB။ GYM ခန်း၊ပန်းခြံ၊ဘုရားခန်း၊EVအားသွင်းစက်၊အဝီစိ+ ဂျိုးဖြူရေ။ပါဝါ+ရိုးရိုးမီတာ။တိုက်သက်တမ်း ၅နှစ်၊ ထောင့်ကွက် ကား(၄)စီးရပ်နိုင်။

09-43021001 သိန်း(၁၂၅၀၀)ညှိနှိုင်း


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ် များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic Universityများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyidaw State Polytechnic University တွင်(၃၀-၄-၂၀၂၅)ရက်မှ(၁၃-၅-၂၀၂၅) ရက်အထိ ရုံးချိန် အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာ မည့် တင်ဒါပုံစံများကို (၉-၅-၂၀၂၅) ရက်မှ (၁၃-၅-၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက် များကို ရုံးချိန်အတွင်းဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ရုံးချုပ်)၊ ၀၉-၇၉၇၉၁၅၅၉၅၊ ၀၉-၄၄၄၀၃၄၀၂၆ Naypyidaw State Polytechnic University တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https:/dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄/ တောင်၊ မြေကွက်အမှတ် ၃၈၁/ခ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ(အမှတ်-၃၈၁/ခ ၊ မြို့မ(၉)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်ဟု မည်တွင်သည့်) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတွဲ (၃) ထပ်ခွဲအဆောက်အအုံ၏ တတိယတပ် (၃) လွှာ၊ အကျယ်အဝန်း ပေ(၁၈ ၁/၂x ၅၅) ရှိ တိုက်ခန်းဥပစာနှင့် တိုက်ခန်းဥပစာအတွင်း ဖွဲ့ကပ်တပ်ဆင်ထားရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ယုယုခိုင် ၁၄/ပသန(နိုင်)၁၅၂၈၇၂ ဝယ်ယူ ပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိ၍ ၎င်းသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို လာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှလှထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၄၂၇)**
**အမှတ်- ၈၃/၈၅၊ အခန်း (၁၄)၊ ဒုတိယထပ်၊ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉-၄၂၁၁၀၄၇၅၈၊**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ပံသုလမ်း၊ အမှတ်(၄/B)နေ ဦးကျော်လွင်(ခ)ဦးဟာရှင်၊ ဒေါ်ရီရီတို့၏ သားမောင်ကျော်လွင်ဦး -MME-656139 မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးကျော်လွင်(ခ)ဦးဟာရှင်**
**၁၀/မလမ(နိုင်)၁၅၆၂၇၀**
**မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/51315 Kawasaki NingA.ZX-6R ယာဉ် လက်ဝယ်ရှိသူ ဦးသူရဦး ၁၂/ရပသ (နိုင်)၀၉၁၈၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-36C၊ မြေကွက်အမှတ်-၁၈ အီး/၁၊ ဧရိယာ-၀.၃၁၁၃ဧက ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်-၁၃၅ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးကျော်ဝင်းလွင် (ခ) မောင်ကောင်း (၉/မနမ(နိုင်)၁၀၂၁၇၁)နှင့် ဦးကျော်အောင် (ခ) စိန်လျော်ချီ (၉/မနမ(နိုင်)၁၀၂၁၇၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများ နှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂ ၀၉-၅၅၀-၆၅၅၆

## ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်မြို့နယ် ၊ မြို့ဟောင်းအနောက်ရပ်ကွက် ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(B-၅)၊ ၆လွှာ၊အခန်းအမှတ် (၆၀၁)၊ဧရိယာစတုရန်းပေ(၉၄၆)sqft ရှိ B အမျိုးအစား ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးခိုင်ကျော်ထွန်း ၁၂/သကတ(နိုင်)၀၃၆၉၆၅ နှင့် ဒေါ်ပြုံးပြုံး ၁/မကန(နိုင်)၀၁၉၃၈၇တို့မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာသည့်အတွက် ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်ပြုံးပြုံးတို့ကိုယ်စား ဦးထွဋ်ထွဋ် ၁၂/သလန(နိုင်)၀၉၈၁၂၂ထံသို့ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန် သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးဝင်း** | **ဦးအာကာဦး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ် - ၁၉၀၇၀** | **စဉ် - ၅၄၇၆၄** |

**အမှတ်-၁၂၂၊ ပထမထပ်နှင့်ဒုတိယထပ်၊ အနော်ရထာလမ်း**
**(ပန်းဆိုးတန်းလမ်းထောင့်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉ - ၄၄၁၁၆၉၇၇၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာ
## ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းစိုး(ဘ)ဦးဖေသန်း ၁၂/သဃက(နိုင်) ၀၁၄၁၁၂ သည် အမှတ်-၂၊ ခွာညိုလမ်း၊ ဂူကြီးကုန်းရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူမှ ဒေါ်မြတ်မွန်မွန် (ဘ) ဦးဌေးလှိုင် ၁၄/မအန(နိုင်)၁၅၂၅၁၃ တိုက်(၅)၊ အခန်း(၁၆)၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူအား ၂၁-၆-၂၀၂၁ ရက်တွင် ရန်ကုန်မြို့၌ နိုတြီဖြင့် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၈၀၂/၂၁-၆-၂၀၂၁)အား ယနေ့ကြေညာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ရီရီသိန်း B.A (Law)** | **ဒေါ်ဆုမွန်အောင် (LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၅၅၄)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၆၉၅)** |
| **ဖုန်း- ၀၉-၄၂၆၆၁၀၀၉၂** | **ဖုန်း -၀၉-၄၃၀၇၄၆၄၈** |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်ဦး
### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နီလာ(၁)လမ်း၊ အိမ်အမှတ် (၃၈၄/ခ)နေ (ဦးမြသန်း)-ဒေါ်မြကြည်တို့၏သမီး၊ (ဦးခင်ထွန်း-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ ဦးဟန်ဝင်းအောင် (ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မောင်ရဲဇာနည်ဟန် ၏ မွေးသမိခင် ကျေးဇူးရှင်သည် ၂၈-၄-၂၀၂၅ ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်ဦး
### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ နီလာ(၁)လမ်း၊ အိမ်အမှတ်(၃၈၄/ခ)နေ (ဦးမြသန်း)-ဒေါ်မြကြည်တို့၏သမီး၊ (ဦးခင်ထွန်း-ဒေါ်ငွေခင်)တို့၏သမီးချွေးမ၊ ဦးဟန်ဝင်းအောင် (ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မောင်ရဲဇာနည်ဟန် ၏ မွေးသမိခင် ကျေးဇူးရှင်သည် ၂၈-၄-၂၀၂၅ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တိုင်းအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင့်ဝေအေး
### အသက်(၈၉)နှစ်

ဦးမြတ်သူ(CEO၊ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)-ဒေါ်သီတာခင်တို့၏ဖခင် ဦးတင့်ဝေအေးသည် ၂၉-၄-၂၀၂၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/6180၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5240၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ ပေလီမြို့၊ ကွင်းအမှတ်(VT-40)၊ ကွင်းအမည် (ကြေးတိုင်ပြင်)၊ ဦးပိုင် လုပ်ကွက်အမှတ် (၂၂၃)၊ မြေအမျိုးအစား (ဥယျာဉ်) ၊ ဧရိယာ (၂.၂၀)ဧကနှင့် ဦးပိုင်အမှတ်- (N-၅၆)၊ ဧရိယာ (၅.၀၀)ဧကပေါ်ရှိမြေနှင့် ၄င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေ မမိုးမြတ်သူ (၁၂/မရက(နိုင်)၁၈၃၇၅၁မှ ဝယ်ယူရန်အတွက် အဆိုပါမြေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါမြေအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင် ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

**မမိုးမြတ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီမောင် (LL.B) တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၄၃၃၅/၂၀၁၈)**
**တိုက်(၁၂)၊ ကွမ်းခြံ(၄)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၃၂၉၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၅၀၄)၊ အကျယ်အဝန်း(၃၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်လွင်ဝင်း (၁၂/လသယ(နိုင်)၀၉၅၄၆၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ဇော(၁၂/ထတပ(နိုင်)၀၄၁၂၅၀)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေတွဲ)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၇၇၇၇၃၆၆၇၈**

## ဦးသန်းစိုး
## စက်မှုလယ်ယာငြိမ်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ မြစ်ဝလမ်း၊ အမှတ်(၃၅)နေ (ဦးကြည်ခင်-ဒေါ်တီ)တို့၏သား၊ (ဦးလေးမြင့်)-ဒေါ်မြမြညွန့်(TTC-ငြိမ်း)တို့၏မောင်၊ (ဦးသိန်းဝင်း-ဒေါ်ခိုင်ချိုစိုး)၊ ဦးသူရစိုး၊ ဦးရဲဝင်းစိုး-ဒေါ်သီသီစိုးမြင့်တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ (ဒေါ်စန်းကြည်)၏ခင်ပွန်း ဦးသန်းစိုး အသက်(၇၉)နှစ်သည် ၂၉-၄-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် (၁၁:၁၅) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရှိနေသော ရုပ်ကလာပ်ကို ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၆၃/၂၊ ဦးပိုင်အမှတ်(၄)၊ ၅၅လမ်းနှင့် ၃၈လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညီညီလွင်(ခ)CHEONG KHWE FUN ၁၃/လရန(ပြု)၀၀၀၀၂၄က အမှုတွဲအမှတ်(၀၀၀၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၈၁၄)၊ ဒေါ်ခင်ပိုက်ထွန်း(AD -၀၆၅၇၄၀)၁၂/အလန(နိုင်)၀၂၉၇၃၄အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ မြေကွက်အမှတ်(၁၈၁၃)နှင့်ကပ်လျက် တရားဝင်မခွဲမစိတ်ရသေးသော(၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ချိုသက်(၁၂/လကန(နိုင်)၁၈၃၈၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညီညီမြင့်(၈/ပခက(နိုင်)၁၆၆၅၅၅)က အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်ညီညီမြင့်၏(ကိုယ်စား) ဦးမြင့်အေး(၈/ပခက(နိုင်)၁၅၃၆၁၈)မှ တာဝန်ယူ လက်မှတ်ရေးထိုး၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ညီညီမြင့်** | **ဒေါ်ယဉ်ယဉ်သူ (LL.B)** |
| **၈/ပကခ(နိုင်)၁၆၆၅၅၅** | **အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)** |
| | **ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊၀၉-၇၇၇၀၀၄၉၈၁** |

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ခေတ္တာလမ်း၊ ကွင်းအမှတ်(၁၇)၊ ဦးပိုင်အမှတ်(၁၇၉)၊ မြေကွက်အမှတ်(၂၁၀)၊ ဧရိယာ(၀.၁၂၀)ဧကရှိ မြေကွက်မှာ မြို့မြေအမျိုးအစားဖြစ်ပြီး ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်စွဲပါ တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေစစ္စတာအမှတ်(၃)၊ ဂရန်အမှုတွဲအမှတ်(၆၃၇)အရ ဦးဆန်းတင့်ကျော် ၁၃/တကန(နိုင်)၀၆၇၉၀၉ (ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသော မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးစောလွင် ၁၂/တမန(နိုင်)၀၉၀၃၆၄၊ ဦးဝင်းနိုင် ၅/မလန(နိုင်)၀၀၄၂၉၉တို့နှင့် အကျိုးတူဆောက်လုပ်ထားသော အဆောက်အအုံ တတိယထပ်ကို တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၂၉၁)နေ ဒေါ်သီတာအေး ၁၃/တကန(နိုင်)၃၆၆၀၃၉မှ (၁၇-၄-၂၀၂၁)ရက်တွင်လည်းကောင်း တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ပတ္တမြားလမ်းသွယ်၊ အမှတ်(၇/၁၁၄)နေ ဦးကျော်ထွန်းဦး(၁၃/တကန(နိုင်)၁၄၇၆၈၅မှ (၃၁-၁-၂၀၂၄)ရက်တွင်လည်းကောင်း ကြိုတင်ငွေပေးစနစ်ဖြင့် ငွေအပြေအကျေပေးသွင်း၍ အသိသက်သေလူကြီးများရှေ့မှောက်တွင် စာချုပ်စာတမ်းချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်၍ မြေရှင်နှင့် ကန်ထရိုက်တာတို့သည် တိုက်ခန်းဝယ်ယူထားသူများ၏ အကျိုးခံစားခွင့်အရပ်ရပ် နစ်နာဆုံးရှုံးမှုမရှိစေရန် ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောတရားဝင်အထောက်အထားပြည့်စုံစွာဖြင့် (မပျက်မကွက်) လာရောက်ဖြေရှင်း၍ အပြီးသတ် ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍လာရောက်ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သီတာအေး၊ ဦးကျော်ထွန်းဦး**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်မေ (B.A(LAW)LL,B** | **ဒေါ်ဇင်ဇာလှိုင် (LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၃၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၃၅၆)** |
| **အမှတ် ၁၂၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း** | **အမှတ် ၄/၉၅၊ တံခွန်လမ်း** |
| **မြို့မရပ်ကွက်၊ တောင်ကြီးမြို့။** | **ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့** |
| **ဖုန်း-၀၉- ၅၀၇၅၇၁၀** | **ဖုန်း-၀၉- ၅၂၁၅၂၂၉** |

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်ခင်လတ်(ခ)ဒေါ်လူစီ
## ယခင် အောင်အပ်ချုပ်ဆိုင်၊ မော်လမြိုင်မြို့
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်၃၁(ပ)$B_2$နေ (ဦးလာဘ-ဒေါ်အမာ)တို့၏သမီး၊ (ဦးအောင်သန်းစိန်) ၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဖုန်းကျော်-ဒေါ်ရီရီဆွေ၊ ဒေါ်ငွေငွေဝင်း၊ ဒေါ်နွယ်နွယ်ဝင်း-(ဦးအေးသောင်)၊ ဒေါ်ရီရီဝင်းရွှေ(ခ)ဒေါ်မော်မော် တို့၏ချစ်လှစွာသောမိခင်၊ ကိုသူရအောင်၊ မစုစုဆန်းပြည့်(ခ)စုစုစံ-ကိုဝင်းထွန်းမင်း တို့၏ချစ်လှစွာသောအဘွား၊ Smile ၏ ချစ်လှစွာသော အဘွားဖြစ်သူ ဒေါ်ခင်လတ်(ခ)ဒေါ်လူစီသည် ၂၉-၄-၂၀၂၅ရက် (အင်္ဂါနေ့) ညနေ ၄:၅၀နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ ၃:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ တရားနာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၈(က)

| | | |
|---|---|---|
| ဦးဇော်ဝင်းမော်ဦး | နှင့် | ဒေါ်စန်းစန်းမာ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

လျှောက်ထားခံရသူ ဒေါ်စန်းစန်းမာ(ဘ)ဦးဝေ ၉/မရတ(နိုင်) ၀၁၄၁၇၂ တိုက်အမှတ် (B)၊ အခန်း(B-6)၊ စတုတ္ထထပ်၊ အကွက်အမှတ်(အပိုင်း ၅/ခ)၊ မဟာမြိုင်(၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးဇော်ဝင်းမော်ဦးက ဒေါ်စန်းစန်းမာ အပေါ်တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်အတိုင်း တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှုဖြင့် မဟာအောင်မြေ ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၃၂/၂၀၂၂ ဖြင့်စွဲဆိုခဲ့ရာ (၂၆-၄-၂၀၂၃)ရက်စွဲပါ မဟာအောင်မြေခရိုင်တရားရုံးက ချမှတ်သောအမိန့်အပေါ် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ပြင်ဆင်မှုဖွင့်လှစ်ဆောင်ရွက်သည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့် မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မေလ (၂၆) ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လကွယ်နေ့) မွန်းမတည့်မီ(၁၀)နာရီအတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5S/7113 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2006 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၉/မခန(နိုင်)၂၂၈၇၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/5942, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွဋ် ၇/ပတတ(နိုင်)၁၃၇၂၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ သင်းဝင်လမ်း၊ မြေကွက်အမှတ်(၁၁၄၅)၊ အကျယ်အဝန်း(၄၀ပေ × ၆၂ပေ)ရှိ ဒေါ်အာဟင်(ခ)ဒေါ်စီစီသက် (၆/မအရ(နိုင်) ၀၃၈၀၈၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်စုလှိုင် (၁၂/ဗဟန(နိုင်) ၀၈၂၇၉၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## မြေငှားဂရန်/မြေပေးမိန့်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးမျိုးဇော်ဦး | ချောင်းသာ | အမှတ်(၃) | ၁၉၉၀/ချောင်းသာ | ဆ-၂၆ | ၀.၁၄၇ | အမည်ပြောင်း |
| ၂ | ဒေါ်သိမ့်သီတာစိုး | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အာရ်-၁၃/ခ၊ အာရ်-၁၀၄/ခ | ၀.၀၄၀ | အသစ် |
| ၃ | ဦးမိုးအောင် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | ကေ-၇/ခ | ၀.၀၄၁ | အမည်ပြောင်း |
| ၄ | ဒေါ်တင်တင်အုန်း | ချောင်းသာ | အမှတ်(၃) | ၁၉၉၀ပြင်/ချောင်းသာပြင် | ၉/၁၊ ၉/၃ | ၀.၉၀၀ | မြေပေးမိန့် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁ဃ၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၆၃+၆၄+၆၅+၆၆+၆၇+၆၈)၊ မြေဧရိယာ(၀.၃၃၀)ဧကရှိ မြေကွက်သည် မူလကဦးသိန်းစိုးအမည်ဖြင့် (၁၄-၆-၂၀၄၁)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးသိန်းစိုးထံမှ ဒေါ်မြင့်ရှိုက(၉-၁၂-၂၀၂၄)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၅၃၄/၂၀၂၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်မြင့်ရှို ၁/မကတ(နိုင်)၀၁၅၁၆၆အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်များ လိုအပ် ...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာ ထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# လိဒ်စ်က ဘရစ္စတိုးလ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ဦးဆောင်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄၅) အဖြစ် ဧပြီ ၂၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် လိဒ်စ်နှင့် ဘရစ္စတိုးလ်အသင်းပွဲစဉ်တွင် လိဒ်စ်က လေးဂိုးပြတ် အနိုင်ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

လိဒ်စ်အသင်းသည် ချန်ပီယံရှစ် ပွဲစဉ် (၄၅) အပြီးတွင် ရဂိုး ၉၃ ဂိုး သွင်းယူထားပြီး တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ထို့အပြင် လိဒ်စ်အသင်းသည် ယခုပွဲစဉ်မတိုင်မီကတည်းက ပရီမီယာလိဂ်သို့ တိုက်ရိုက်တက်လှမ်းခွင့် ရရှိပြီးဖြစ်သည်။ လိဒ်စ်အသင်းသည် ချန်ပီယံရှစ် အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် မေ ၃ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပလိုင်းမောက်အသင်းနှင့် ပွဲစဉ်တွင် နိုင်ပွဲရရှိပါက ဖလားဆွတ်ခူးနိုင်မည် ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၅* ○



လိဒ်စ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပြီးနောက် ကွင်းလယ်ကစားသမား တာနာကာနှင့် အသင်းဖော်များ အောင်ပွဲခံစဉ်။

**ယနေ့ သတင်းအညွှန်း**

**ဂျပန်နိုင်ငံအပေါ် ကျင့်သုံးမည့် အခွန်စည်းကြပ်မှုများကို ပြန်လည်စဉ်းစားရန် အမေရိကန်အစိုးရကို တိုက်တွန်းမည်**

နိုင်ငံတကာသတင်း စာ ၁၄

**အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် မလေးရှားနိုင်ငံသား ၁၆ ဦးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံသား တစ်ဦးတို့အား ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်**

ပြည်တွင်းသတင်း စာ ၁၉


ရှမ်းယူနိုက်တက်နှင့် YB United ယှဉ်ပြိုင်စဉ်။

## MNL League Cup ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် မဟာယူနိုက်တက် နိုင်ပွဲရပြီး နာမည်ကြီး ရန်ကုန်ယူနိုက်တက်သရေကျ

ရန်ကုန် ဧပြီ ၂၉

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဧပြီ ၂၉ ရက်က ရန်ကုန်မြို့ရှိ ကွင်းလေးကွင်း၌ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း နိုင်ပွဲရရှိပြီး နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်း မထင်မှတ်ဘဲ သရေကျခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖

## FIFA-MFF ယူ-၁၅ လူငယ်လိဂ်(ရန်ကုန်ဇုန်) ပွဲစဉ် (၅) ပထမနေ့တွင် Mar Rein ၊ ရှိုင်ရယ်ရန်ကုန်နှင့် Southern Yangon Star အသင်း နိုင်ပွဲရရှိ

ရန်ကုန် ဧပြီ ၂၉

FIFA–MFF ယူ – ၁၅ လူငယ်လိဂ် (ရန်ကုန်ဇုန်) ပွဲစဉ် (၅) ပထမနေ့ကို ဧပြီ ၂၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၁ နှင့် ၂ တွင် ကျင်းပရာ Mar Rein ၊ ရှိုင်ရယ်ရန်ကုန်နှင့် Southern Yangon Star အသင်းတို့ နိုင်ပွဲရရှိသည်။

နံနက်ပိုင်းကျင်းပသည့်ပွဲများတွင် Mar Rein အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး Golden Light United အသင်းနှင့် ရန်ကုန်တောင်ဇလပ်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ညနေပိုင်း ကျင်းပသည့်ပွဲများတွင် ရှိုင်ရယ်ရန်ကုန်အသင်းက

*စာမျက်နှာ ၁၃ ကော်လံ ၁* ❒


ရှိုင်ရယ်ရန်ကုန်အသင်းနှင့် Burmese Youths အသင်း ယှဉ်ပြိုင်စဉ်။